

# နိုင်ငံခြားသားမသန်မစွမ်းများအတွက် ဝန်ဆောင်မှုလမ်းညွှန်

နိုင်ငံခြားသားမသန်မစွမ်းများအတွက် အထောက်အပံ့ပေးသော
Hilma
Vammaisfoorumi ry
2011

နိုင်ငံခြားသားမသန်မစွမ်းများအတွက် ဝန်ဆောင်မှုလမ်းညွှန်

မူလစာ။  Yodit Melaku
Selkokeskus
2004
ပြုပြင်သောစာ။ နိုင်ငံခြားသားမသန်မစွမ်းများအတွက် အထောက်အပံ့ပေးသော
Hilma
FAIDD Solutions Oy
2011

နိုင်ငံခြားသားမသန်မစွမ်းများအတွက် အထောက်အပံ့ပေးသော
Hilma
Vammaisfoorumi ry info@tukikeskushilma.fi
www.tukikeskushilma.fi

# မာတိကာများ


၁။ အမှာစာ ..... ၅

၂။ မသန်မစွမ်းများအတွက် အထွေထွေအခွင့်အရေးနှင့် ဝန်ဆောင်မှုအကြောင်း ..... ၅

၃။ ဝန်ဆောင်မှုနှင့်ကျန်းမာရေးဆိုင်ရာစီမံကိန်း ..... ၆

၄။ အစိုးရအကြီးအကဲများနှင့်အခြားသောလုပ်ဆောင်မှုများ ..... ၇
၄.၁ အမျိုးသားပင်စင်ဌာန (ကဲလာ)
၄.၂ လူမှုဝန်ဆောင်မှုများ
၄.၃ စိတ်ကျန်းမာရေးဝန်ဆောင်မှုများ
၄.၄ မသန်မစွမ်းများ၏ကိစ္စကိုကိုင်တွယ်သူ
၄.၅ လူနား၏ကိစ္စကိုကိုင်တွယ်သူ
၄.၆ လူနည်းစု၏ကိစ္စကိုကိုင်တွယ်သူ
၄.၇ အသင်းအဖွဲ့ များ
၄.၈ အာမခံဌာန

၅။ ဝန်ဆောင်မှုများ လျှောက်ခံခြင်း ..... ၈
၅.၁ ဝန်ဆောင်မှုများ လျှောက်ခံခြင်းနှင့် ဆုံးဖြတ်ချက်
၅.၂ ပြန်လည်ပြင်ဆင်မှုအား လျှောက်ထားခြင်း
၅.၃ အာဏာပိုင်များ၏ ထိန်းသိမ်းစောင့်ရှောက်ရမည့်ဝတ်တရားများ

၆။ စားဝတ်နေရေးအတွက်ထောက်ပံ့မှု ..... ၉
၆.၁ အရွယ်ရောက်သူ မသန်မစွမ်းထောက်ပံ့မှု
၆.၂ အသက် ၁၆နှစ်အောက်များ မသန်မစွမ်းထောက်ပံ့မှု
၆.၃ နေရေးထိုင်ရေး ထောက်ပံ့မှု
၆.၄ ကျန်းမာသန်စွမ်းမှုနှင့်ဆိုင်သောငွေ
၆.၅ အစားအသောက်နှင့် အဝတ်အစား ထောက်ပံ့ကြေး
၆.၆ နေထိုင်စားသောက်မှုနှင့်လူမှုဆိုင်ရာချေးငွေ
၆.၇ နိုင်ငံရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာထောက်ပံ့ကြေးငွေ
၆.၈ အခွန်လျှော့ဆောင်ခြင်းငွေ

၇။ ပင်စင် ..... ၁၁
၇.၁ အာမခံပင်စင်
၇.၂ ကာယလုပ်ရှားမှုထောက်ပံ့ကြေးငွေ
၇.၃ အလုပ်ခွင်ဝင်နိုင်စွမ်းမရှိသူအတွက် ပင်စင်ကြေးငွေ
၇.၄ ပင်စင်ရရှိသူအားပြုစုသည့် ထောက်ပံ့ကြေးငွေ
၇.၅ ပင်စင်ရရှိသူ၏ကလေးအား ထောက်ပံ့ကြေးငွေ

၈။ နေရေးထိုင်ရေး ..... ၁၂
၈.၁ နေရေးထိုင်ရေးလွယ်ကူရန်လိုအပ်သည့် အသုံးအဆောင်နှင့် အိမ်ပြုပြင်ချိန်တွင်လိုအပ်သော အကူအလုပ်
၈.၂ နေအိမ်ဝန်ဆောင်မှု

၉။ လှုပ်ရှားမှု ..... ၁၃
၉.၁ သွားလာရာတွင် အကြိုအပို့နှင့်ဆိုင်သောဝန်ဆောင်မှု
၉.၂ လှုပ်ရှားမှုတွင် လိုအပ်သောအသုံးအဆောင်များ
၉.၃ ယာဉ် အသုံးအဆောင်နှင့် ဆိုင်သောလျှော့ဈေးနှုန်း
၉.၄ ကိုယ်ပိုင်ကား
၉.၅ လှုပ်ရှားမှုပိုင်းတွင် လိုအပ်သောလမ်းညွှန်

၁၀။ အကူအညီပေးသူ ..... ၁၄
၁၀.၁ ကိုယ်တစ်ဦးတည်းအတွက်လိုအပ်သောအကူအညီ
၁၀.၂ လမ်းပြခွေး
၁၀.၃ အကူအညီပေးသောခွေး

၁၁။ စကားပြန် ..... ၁၅
၁၁.၁ နိုင်ငံရွှေ့ပြောင်းနေထိုင်သူများ
၁၁.၂ အကြားအာရုံ၊ အမြင်အကြားအာရုံနှင့် စကားပြောအဆို
ချို့ယွင်းသူများ

၁၂။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ..... ၁၆
၁၂.၁ ဆေးဝါးများ
၁၂.၂ ကျန်းမာရေးနှင့်ဆိုင်သောကုန်ကျစရိတ်များ၏ ကန့်သတ်ချက်

၁၃။ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် ၄င်းအတွက်လိုအပ်သော အထောက်အကူများ ..... ၁၆
၁၃.၁ နေထိုင်ရေးပြေလည်မှုနှင့်ဆိုင်သောပြင်ဆင်မှုများ
၁၃.၂ အထောက်အကူပစ္စည်းများ

၁၄။ စာသင်ကြားမှု ..... ၁၇
၁၄.၁ ဖင်လန်စာသင်ကြားမှု
၁၄.၂ အသက်မွေးဝမ်းကြောင်းဆိုင်ရာရွေးချယ်မှု
၁၄.၃ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်းများ
၁၄.၄ အကူဆရာ၊မ
၁၄.၅ ကျောင်းအသွားအပြန်ကုန်ကျစရိတ်
၁၄.၆ ကျောင်းနှင့်ပတ်သက်သော စားဝတ်နေရေးထောက်ပံ့ကြေးငွေ

၁၅။ အလုပ်အကိုင် ..... ၁၉
၁၅.၁ အလုပ်သမားရုံးဝန်ဆောင်မှု
၁၅.၂ လှုပ်ရှားမှုဆိုင်ရာလုပ်ဆောင်မှု
၁၅.၃ ထောက်ပံ့ပေးပြီးသောအလုပ်
၁၅.၄ အငြိမ်းစားယူခြင်းကို ချန်ထားခြင်း

၁၆။ မိသားစု ..... ၂၀
၁၆.၁ ကလေးထိန်း
၁၆.၂ အိမ်တွင်းအကူ
၁၆.၃ မိသားစုဝင်ကို စောင့်ရှောက်မှုထောက်ပံ့ကြေး
၁၆.၄ အကြံပေးနှင့် အကူအညီပေးသူ

၁၇။ အားလပ်ချိန် ..... ၂၁

၁၈။ ဆက်သွယ်ရန်လိပ်စာများ ..... ၂၂

၁၉။ အချက်အလက်ရရှိနိုင်သည့်နေရာများ ..... ၂၄

## ၁။ အမှာစာ

နိုင်ငံခြားသားမသန်မစွမ်းများအတွက် လမ်းညွှန်သည် မသန်မစွမ်းများအတွက် ဝန်ဆောင်မှုအကြောင်း၊ လူမှုဖူလုံရေး၊ ပညာရေးနှင့် ဖင်လန်နိုင်ငံ၏ အလုပ် အကိုင်အကြောင်းကိုအသိပေးသောလမ်းညွှန်ဖြစ်သည်။ ဤအရာများသည် ဖင်လန်တွင်နေထိုင်သော နိုင်ငံခြားသားမသန်မစွမ်းများအားလုံး၏ နေ့ စဉ်ဘဝနှင့်သက်ဆိုင်သည်။

မသန်မစွမ်းများသည် ပညာသင်ယူခြင်းဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ၊ အပေါင်းအသင်းနှင့်တွေ့ဆုံခြင်း၊ ဝါသနာပါသည့် အရာကို လုပ်ဆောင်ခြင်းနှင့် မိသားစုထူထောင်ရာတွင် အခက်အခဲဖြစ်ရန်မလိုပေ။ ဤ လမ်းညွှန်သည် မသန်မစွမ်းများ၏ဘဝအား သာမန်လူသားများကဲ့သို့ လုံးဝပြည့်စုံစေရန် ဝန်ဆောင်မှုပေးသည့်အကြောင်းကို အသိပေးပြောကြားသည့်စာစောင်ဖြစ်သည်။
ဤစာဆောင်သည် အထူးသဖြင့် ဥပမာဘာသာစကားကြောင့် အချက်အလက် များကို မည်သည့်နေရာမှ ရယူရမည်ကိုမသည့်သူများအတွက် အထောက် အကူဖြစ်စေရန်ရည်ရွယ်ပေးခြင်းဖြစ်သည်။

## ၂။ မသန်မစွမ်းများအတွက် အထွေထွေအခွင့်အရေးနှင့် ဝန်ဆောင်မှုအကြောင်း

ဖင်လန်နိုင်ငံတွင် မသန်မစွမ်းများဝန်ဆောင်မှုအကြောင်းသည် ဥပဒေအရပ်ရပ်တွင် ပါဝင်သည်။ ထိုအထဲတွင် မသန်မစွမ်းများ ဝန်ဆောင်မှုမည်သို့ ရှိကြောင်းနှင့် မည်သူများရရှိနိုင်ကြောင်းကို ဖော်ပြထားသည်။

မသန်မစွမ်း ဥပဒေသည် မည်သို့သောဝန်ဆောင်မှုများကို ဒေသခံဆိုရှယ်မှ နေထိုင်သူအတွက် ပေးရမည်ကို သတ်မှတ်ထားသည်။အဓိကအကြောင်းအရင်းမှာ ဒေသခံဆိုရှယ်မှ မသန်မစွမ်းများအတွက် လိုအပ်မှုနှင့်အညီဖြည့်ဆည်းပေးရမည်ဖြစ်သည်။

အချို့ ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဒေသများတွင် နေထိုင်သည့်သူများ၎င်းတို့ ၏ကိုယ်ပိုင်သတ်မှတ်သောအခွင့်အရေး ရှိနိုင်သည်။ ကိုယ်ပိုင်သတ်မှတ်သော အခွင့်အရေးဆိုသည်မှာ ဒေသခံအာဏာပိုင်များသည် လိုအပ်သော ဝန်ဆောင် မှုကို တောင်းဆိုမှုနှင့် ကိုက်ညီလာအောင် စီစဉ်ပေးရမည်။ ငွေကြေးကြောင့် မစီစဉ်ပေးနိုင်ပါဟု အကြောင်းအရာမပြနိုင်ပါ။ ဝန်ဆောင်မှုအချို့နှင့်ပတ်သက်၍ ဒေသခံအာဏာပိုင်များက ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

တိုးတက်ခြင်းနှင့်ပတ်သက်သောမသန်မစွမ်းမှုဆိုင်ရာဥပဒေသည် တိုးတက်ခြင်းမသန်မစွမ်းသူများ၏ အထူးပြုစုစောင့်ရှောက်ခြင်းနှင့် သက်ဆိုင် သည်။ အထူး ပြုစုစောင့်ရှောက်ခြင်းတွင် ဥပမာ နေထိုင်မှု ဝန်ဆောင်ခြင်း ပါဝင်သည်။ တစ်ခါတစ်ရံ တိုးတက်ခြင်းနှင့် ပတ်သက် သောမသန်မစွမ်း သူများသည် လိုအပ်သောဝန်ဆောင်မှုကို မသန်မစွမ်း ဥပဒေမှတစ်ချို့တစ်ဝက် နှင့် တိုးတက်ခြင်းနှင့်ပတ်သက်သောမသန်မစွမ်းမှုဆိုင်ရာဥပဒေတစ်ချို့ တစ်ဝက်အပေါ်မူတည်၍ ရရှိသည်။

အထူးပြုစုစောက်ရှောက်ခြင်းဆိုသည်မှာ တိုးတက်ခြင်းမသန်မစွမ်းဖြစ်သူများ၏ နေ့ စဉ်ဘဝကို

ထောက်ပံ့ကူညီပေးခြင်းဖြစ်သည်။ အထူးပြုစုစောင့်ရှောက်ခြင်းတွင် လုပ်ထုံးလုပ်နည်းနှင့် ဆိုင်သောဝန်ဆောင်မှုနှင့် စီးပွားရေးထောက်ပံ့မှု ပေါ်မူတည်၍ ဆုံးဖြတ်သည်။

တန်းတူဥပဒေသည် မသန်မစွမ်းဖြစ်ခြင်းကြောင့် သို့မဟုတ် မိမိမူရင်းကြောင့် ကျောင်းနှင့်လုပ်ငန်းခွင်တွင် နှိမ့်ချစွာဆက်ဆံခြင်းကို တားဆည်းသည်။

လူနာများဥပဒေသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့်သက်ဆိုင်သည်။ လူနာများ ဥပဒေအရ မည်သူကမျှ လူနာခွင့်ပြုချက်မရဘဲ ပြုစုခြင်း မရပေ။ အကယ်၍ လူနာသည် ပြုစုခြင်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိလျှင် လူနာသည် ပြုစုရေး ဌာနသို့ သတိပေးအကြောင်းကြားနိုင်သည်။ ပြုစုရေးဌာနတွင် သတိပေး အကြောင်းကြားခြင်းများကို ရေးရန် ကူညီပေးနိုင်သော လူနာကိစ္စကိုကိုင် တွယ်သူများ ရှိသည်။

ဝန်ဆောင်မှုယူသူဥပဒေသည် လူမှုဝန်ဆောင်မှုနှင့် သက်ဆိုင်သည်။ လူမှုဝန် ဆောင်မှုယူသူကို ကောင်းမွန်စွာ ဆက်ဆံရမည်ကို သတ်မှတ်ထားသည်။ ဝန်ဆောင်မှုအစီအစဉ်တွင် ဝန်ဆောင်မှုယူသူ၏အကျိုးကို အ□ကထားရမည်။ အကယ်၍ ကျေနပ်မှုမရှိလျှင်ဒေသခံဆိုရှယ်အကြီးအကဲသို့ တင်ပြနိုင်သည်။ ဥပမာအားဖြင့် ဆိုရှယ်အကြီးအကဲက အသိပေးစာရေးရန်အတွက် ကူညီပေးနိုင်သည်။

နိုင်ငံရွှေ့ပြောင်းနေထိုင်ခြင်းအစီအစဉ်နှင့်ဆိုင်သော ဥပဒေသည် နိုင်ငံရွှေ့ ပြောင်းနေထိုင်သူများနေထိုင်မှု ပြေလည်ရေး၊ တန်းတူအခွင့်အရေးနှင့် လွတ်လပ်စွာရွေးချယ်မှုကို ရေးရှုပေးသည်။ ဆိုလိုရင်းမှာ၎င်းတို့သည် ဖင်လန်နိုင်ငံ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းတွင်ဝင်ဆန့်၍ မိမိဘာသာစကားနှင့် ယဉ်ကျေးမှုကိုပါ စောင့်ထိန်းရန်ဖြစ်သည်။

မသန်မစွမ်းများဝန်ဆောင်မှုဆိုသည်မှာ မသန်မစွမ်းများ၏ ဘဝလွတ်လပ်စွာနှင့် လူမှုအသိုင်းအဝိုင်းတွင်တန်းတူအခွင့်အရေး ရှိစွာ ကူညီပေးရန်ဖြစ်သည်။

ဖင်လန်နိုင်ငံ မသန်မစွမ်းများဝန်ဆောင်မှုအစီအစဉ်ကိုဒေသက စီစဉ်ပေးသည်။ မိမိနေထိုင်ရာဒေသ၊ မြို့ဆိုသည်မှာ မိမိအတည်တကျ နေထိုင်သောနေရာ ဖြစ်သည်။ ဒေသခံမသန်မစွမ်းများဝန်ဆောင်မှုမှ မသန်မစွမ်းများကို သူတို့နှင့် သက်ဆိုင်သောအကြောင်းကို ပြောကြားအကြံပေးသည်။

နေရေးထိုင်ရေးအတွက် ထောက်ပံ့မှုကို အမျိုးသားပင်စင်ကဲလာဌာနတွင် လျှောက်ထားနိုင်သည်။

## ၃။ ဝန်ဆောင်မှုနှင့်ကျန်းမာရေးဆိုင်ရာစီမံကိန်း

မသန်မစွမ်းများသည် ဒေသခံလူမှုလုပ်သားများနှင့် အတူတကွ ဝန်ဆောင် မှုစီမံကိန်းကို ရေးစွဲသည်။ ၄င်းတွင် မည်သို့သော အကူအညီများလိုအပ် သည်ကို ထည့်သွင်းဖော်ပြသည်။ ထိုအချိန်တွင် မသန်မစွမ်းဖြစ်သူ၏ ဆွေမျိုးများ ပါဝင်နိုင်သည်။ လိုအပ်လျှင် အခြားဒေသခံအာဏာပိုင်များလည်း ပါဝင်နိုင်မည်။ စီမံကိန်းတွင်၄င်းနှင့် သက်ဆိုင်သောအကြောင်းကို လိုက်နာရန်အတွက် တာဝန်ခံသူ၏ အမည်ကို ထည့်သွင်းဖော်ပြထားမည်။

ကိုယ်လက်လုပ်ရှားမှုဆိုင်ရာသို့ သွားရောက်နိုင်ရန် ကိုယ်လက်လုပ်ရှားမှု ဆိုင်ရာအစီအစဉ် ဆွဲရန် လိုအပ်သည်။ ထိုအချိန်တွင် မည်သို့သော ကိုယ်လက်လုပ်ရှားမှုမျိုးကို မသန်မစွမ်းဖြစ်သူ လိုအပ်ကြောင်း ဆုံးဖြတ်ရသည်။ စီမံကိန်းကို မသန်မစွမ်းဖြစ်သူနှင့်၄င်းနှင့် သက်ဆိုင်သောပြုစုသူတို့ အတူတကွ ရေးဆွဲသည်။

နိုင်ငံရွှေ့ပြောင်းနေထိုင်သူများသည် အကယ်၍ သူသည် အလုပ်လက်မဲ့ (သို့) အလုပ်လျှောက်ထားသူ၊ နေရေးထိုင်ရေးအတွက် ထောက်ပံ့ကြေးငွေရရှိသူ၊ (သို့) ဦးစွာ အစီအစဉ်အတွက် စောင့်ကြည့်ခံရသူဖြစ်နေလျှင် နိုင်ငံရွှေ့ပြောင်းနေထိုင်ခြင်းအစီအစဉ်နှင့်ဆိုင်သော ခံစားခွင့်ကို ရရှိနိုင်သည်။

နိုင်ငံရွှေ့ပြောင်းသည့် အချိန်ကာလအစပိုင်းတွင် အလုပ်လက်မဲ့ဖြစ်ပြီး အလုပ်လျှောက်ထားသူ ဖြစ်လျှင်၊ နေရေးထိုင်ရေးအတွက် ထောက်ပံ့ကြေးငွေ ရရှိသူ (သို့) ထောက်ပံ့ကြေးငွေရရှိရန် လျှောက်ထားသူ ဖြစ်လျှင် နိုင်ငံရွှေ့ ပြောင်းနေထိုင်ခြင်းအစီအစဉ်ကို ပြုလုပ်ရန် ဖြစ်သည်။ နိုင်ငံရွှေ့ပြောင်းနေထိုင်သူများအားလုံးအတွက် နိုင်ငံရွှေ့ပြောင်းနေထိုင်ခြင်း အစီအစဉ် ပြုလုပ်ရန် မဖြစ်ပါ။

နိုင်ငံရွှေ့ပြောင်းနေထိုင်ခြင်းအစီအစဉ်သည် ဖင်လန်တွင် နေထိုင်မှု အဆင်ပြေ စေရန် ကူညီပေးခြင်းတရပ်ဖြစ်သည်။ ၄င်းအတွင်းတွင် ဖင်လန်ဘာသာသင်တန်း များ၊ လုပ်ရှားမှုဆိုင်ရာများနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ရွေးချယ်မှုများ ပါဝင်သည်။

## ၄။ အစိုးရအကြီးအကဲများနှင့် အခြားသောလုပ်ဆောင်မှုများ

၄.၁ အမျိုးသားပင်စင်ဌာန (ကဲလာ)

အမျိုးသားပင်စင်ဌာန (ကဲလာ)က ဖင်လန်တွင်နေသောသူများအား ဘဝအခြေနေအရပ်ရပ်အား ငွေကြေးဖြင့်ထောက်ပံ့ပေးသည်။ ပုံမှန်အားဖြင့် ကဲလာက ပင်ရင်းထောက်ပံ့ကြေးကို အခြားဝင်ငွေနည်းပါးပါကဖြင့် ထောက်ပံ့ပေးသည်။

ပုံမှန်အားဖြင့် ကဲလာမှ ထောက်ပံ့ကြေးငွေကို ဖင်လန်နိုင်ငံလူမှုဖူလုံရေးစနစ် အထဲတွင် ပါဝင်သူများ ရရှိကြသည်။ ထိုအထဲတွင် ဖင်လန်နိုင်ငံတွင် အတည်တကျ နေထိုင်သူအားလုံးပါဝင်သည်။

ကဲလာမှ မသန်မစွမ်းများ၏ ကိုယ်လက်လေ့ကျင့်ရေးကုန်ကျငွေ၊ အထွေထွေ စောက်ရှောက်မှုကုန်ကျငွေနှင့် အခြေခံ အလုပ်လက်မဲ့ ထောက်ပံ့ကြေးငွေများကို တာဝန်ယူသည်။

ထောက်ပံ့ကြေးငွေအချို့ ရရှိရန်အတွက် နေထိုင်သည့်အချိန်ကာလနှင့် ပတ်သက်သော စည်းကမ်းချက်များ ရှိသည်။ ထိုထောက်ပံ့ကြေးငွေများ ရရှိရန် ဖင်လန်နိုင်ငံအတွင်း အချိန်ကာလတစ်ခုတွင် နေထိုင်ရသည်။

ကဲလာ၏နာမကျန်းအာမခံမှုသည် ဖင်လန်နိုင်ငံတွင် အတည်တကျ နေထိုင် သူအားလုံးနှင့် သက်ဆိုင်သည်။ ဖင်လန်နိုင်ငံတွင် ကဲလာနာမကျန်း အာမခံမှု ရရှိပြီးသူများ ကဲလာကဒ်ကို ရရှိသည်။ ထိုကဲလာကဒ်ဖြင့် ဆေးဆိုင်နှင့် အခြားသော ပုဂ္ဂလိကဆရာဝန်ထံပြသချိန်တွင် ထောက်ပံ့ကြေးငွေကို ရရှိသည်။ ကျန်ရှိငွေကိုသာ မိမိကိုယ်တိုင် ပေးရသည်။ ကဲလာကဒ်သည် အခမဲ့ဖြစ်သည်။ ပင်စင်စားသူများ ကဲလာမှ အမျိုးသားပင်စင်စားသူကဒ်ကို ရရှိသည်။ ထိုကဲလာကဒ်ဖြင့်ဥပမာ အဖွဲ့လိုက် သွားလာယင်းလက်မှတ်ဝယ်ချိန်တွင် အမျိုးသားပင်စင် လျှော့ဈေးကို ရရှိသည်။ အကယ်၍ လျှောက်ထားသူအား အမျိုးသားပင်စင်အပြည့်ပေးအပ်ပြီးလျှင် ကဒ်အား အိမ်သို့ပို့ ပေးသည်။ အမျိုးသားပင်စင်စားသူကဒ်သည် အခမဲ့ ဖြစ်သည်။

၄.၂ လူမှုဝန်ဆောင်မှုများ

မိမိနေထိုင်ရာ ဒေသ၊ မြို့မှ လူမှုဝန်ဆောင်မှုများကို နေထိုင်သူများကို စီစဉ်ပေးသည်။ ၄င်း လူမှုဝန်ဆောင်မှုများမှာ ဥပမာ မသန်မစွမ်းများနှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ နှင့် နေထိုင်စားသောက်ရန် အတွက်ဖြစ်သည်။

မိမိနေထိုင်ရာ ဒေသ၊ မြို့မှ လူမှုဝန်ဆောင်သူများသည် အခက်အခဲနှင့် ရင်ဆိုင်သည့်နေထိုင်သူများ၏ဘဝကို ကူညီပေးသည်။ လူမှုဝန်ဆောင်သူများသည် ထိုသူများအား အကြံအညံနှင့် နည်းလမ်းများကိုလည်း ပေးသည်။

၄.၃ စိတ်ကျန်းမာရေးဝန်ဆောင်မှုများ

စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို ဘဝတွင် သောကရောက်နေချိန်တွင် ရရှိသည်။ ဘဝသည်ကြမ်းတမ်းသောအတွေ့အကြုံကြောင့် ခက်ခဲ့သလို ခံစားရတတ်သည်။ ဥပမာ မိသားစု သို့ ဆွေမျိုးကို ဆုံးရှုံးခြင်း၊ နှိမ့်စက်ခံရခြင်းနှင့် အခြားသောအရာကြောင့်ဖြစ်သည်။

မိမိနေထိုင်ရာ ဒေသ၊ မြို့မှ စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို စီစဉ် ပေးသည်။ အကူအညီကို ဆေးခန်း၊ စိတ်ကျန်းမာရေး ဆေးခန်းနှင့် မိခင်ကလေးဆေးခန်း တွင် တောင်းခံနိုင်သည်။

ကျောင်းများ၊ စာသင်အဆောင်များနှင့် အလုပ်ဆေးခန်းများတွင်လည်း စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို စီစဉ်ပေးသည်။

၄.၄ မသန်မစွမ်းများ၏ကိစ္စကိုကိုင်တွယ်သူ

အချို့ မြို့တွင် မသန်မစွမ်းများ၏ကိစ္စကို ကိုင်တွယ်သူ ရှိသည်။ ၄င်း၏အလုပ်မှာ မသန်မစွမ်းများ၏အခွင့်အရေးကို ကာကွယ်ပေးခြင်းနှင့် အကြံပေးခြင်းဖြစ်သည်။

မသန်မစွမ်းများ၏ကိစ္စကိုကိုင်တွယ်သည် ဥပမာ Helsinki, Espoo နှင့် Tampereတွင် ရှိသည်။

၄.၅ လူနာ၏ကိစ္စကိုကိုင်တွယ်သူ

ဆေးခန်းတိုင်းတွင် လူနာ၏ကိစ္စကိုကိုင်တွယ်သူများ ရှိသည်။ ၄င်း၏အလုပ်မှာ လူနာကကုသမှုကို မနှစ်သက်လျှင်၄င်း၏ အခွင့်အရေးနှင့် ဆိုင်သောအရာကို ပြောပြရန်ဖြစ်သည်။ လူနာ၏ကိစ္စကိုကိုင်တွယ်သူသည် လူနာကို သတိပေး နိုးဆော်ကူညီရမည်ဖြစ်သည်။

၄.၆ လူနည်းစု၏ကိစ္စကိုကိုင်တွယ်သူ

လူနည်းစု၏ကိစ္စကိုကိုင်တွယ်သူသည် အထူးသဖြင့် ဖင်လန်နေထိုင်သော လူနည်းစုနှင့် နိုင်ငံခြားသားတို့ ၏တန်းတူအခွင့်အရေးအတွက်

လုပ်ဆောင်ပေးသူဖြစ်သည်။
ခွဲခြားဆက်ဆံခြင်းခံရလျှင် (သို့) အခြားသူအားဖြစ်စေလျှင် လူနည်းစု၏ကိစ္စကိုကိုင်တွယ်သူထံ လာရောက်နိုင်သည်။

ပိုမိုသိလိုလျှင် www.vahemmistovaltuutettu.fi သို့ ကြည့်ပါ။

### ၄.၇ အသင်းအဖွဲ့များ

မသန်မစွမ်းအဖွဲ့အစည်းနှင့် ယဉ်ကျေးမှုပေါင်းစုံအဖွဲ့အစည်းထံတွင် အထောက်အကူနှင့်အကြံများတောင်းခံနိုင်သည်။

မသန်မစွမ်းအဖွဲ့အစည်းသည် မသန်မစွမ်းသူများ၏ တန်းတူအခွင့်အရေးကို ဆောင်ရွက်ပေးသည်။
အဖွဲ့အစည်းက မသန်မစွမ်းသူများနှင့်သက်ဆိုင်သော အကြံနှင့် လမ်းညွှန် ဝါသနာနှင့် အားလပ်ချိန်တွင်လုပ်ဆောင်သည့်အရာ နှိုင်းယှဉ်မှုများကို ကူညီပေးသည်။

ယဉ်ကျေးမှုပေါင်းစုံအဖွဲ့အစည်းက ဥပမာ အားကစားနှင့် ယဉ်ကျေးမှု လှုပ်ရှားမှုကို ဆောင်ရွက်ပေးပြီး ယဉ်ကျေးမှုပေါင်းစုံကို တိုးတက်စေခြင်းနှင့် နေထိုင်မှုပြေလည်စေရန် ဆောင်ရွက်ပေးသည်။

အချက်အလက်ကို အသင်းအဖွဲ့များထံတွင် ပိုမိုသိနိုင်သည်။

### ၄.၈ အာမခံဌာနများ

များသောအားဖြင့် ဖင်လန်လူမျိုးများက ရုတ်တရက်ဖြစ်တတ်သော ဘေးဆိုး ကြောင့် အာမခံများကို ဝယ်ယူကြသည်။ အာမခံများကို အာမခံဌာနတွင် ဝယ်ယူနိုင်သည်။

အာမခံဌာနသည် ဥပမာ အိမ်နှင့် ခရီးသွားအာမခံများကို ရောင်းချပေးသည်။
ထို့အပြင် အာမခံဌာနက ရုတ်တရက်ဖြစ်တတ်သော ဘေးဆိုးနှင့် အသက်ဘေးကာကွယ်မှု အာမခံအားလက်ခံသည်။
အာမခံဌာနက မည်သူသည် အာမခံကို ရသင့်သနည်းနှင့် မည်သို့ပေးရမည်ကိုဆုံးဖြတ်သည်။

အချက်အလက်ကို အာမခံဌာနတွင် ပိုမိုသိနိုင်သည်။

## ၅။ ဝန်ဆောင်မှုများ လျှောက်ခံခြင်း

### ၅.၁ ဝန်ဆောင်မှုများ လျှောက်ခံခြင်းနှင့် ဆုံးဖြတ်ချက်

ဝန်ဆောင်မှုများ ရရှိရန် လျှောက်ထားရမည်။ အကယ်၍ ဝန်ဆောင်မှုများကို နေထိုင်ရာဒေသနှင့် ကဲလာထံ လျှောက်ထားလျှင် စာဖြင့် လျှောက်ထားသင့် သည်။ အများအားဖြင့် လျှောက် ထားရပြီး ဆရာဝန်ထောက်ခံစာကိုပါ တွဲရသည်။

အာဏာပိုင်များက မည်သို့လျှောက်ထားရမည်လမ်းပြရန် တာဝန်ရှိသည်။ လျှောက်တင်ချက်ကို အာဏာပိုင်များက စာဖြင့် ဖြေဆိုသည်။ ထိုအထဲတွင် လျှောက်တင်ချက်၏ ဆုံးဖြတ်ချက်နှင့် အဘယ်ကြောင့် ဆုံးဖြတ်ချက်ချသည်ကိုပါ ဖော်ပြသည်။

### ၅.၂ ပြန်လည်ပြင်ဆင်မှုအား လျှောက်ထားခြင်း

အာဏာပိုင်များ၏ လျှောက်တင်ချက်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ပြန်လည်ပြင်ဆင်မှုအား လျှောက်ထားနိုင်သည်။
ဆုံးဖြတ်ချက်တွင် လျှောက်တင်ချက်အား ပြန်လည်ပြင်ဆင်လျှောက်ထားနိုင်သလောကိုပါ ဖော်ပြထားသည်။ ထို့အပြင် ဆုံးဖြတ်ချက်တွင် လျှောက်တင်ချက်အား မည်ကဲ့သို့နှင့်မည်သည့်အချိန်တွင် အမြန် လျှောက်တင်ရမည်ကိုပါ ဖော်ပြထားသည်။ အများအားဖြင့် လျှောက်တင်ချက်ကို ဆုံးဖြတ်ချက် ရပြီးသည်နှင့် ချက်ချင်း ပြန်လည်ပြင်ဆင်လျှောက်ထားရမည်။

လျှောက်တင်ချက်အတွက်အကူအညီလိုလျှင် ဒေသခံ ဆိုရှယ်ထံ အကူအညီ တောင်းခံနိုင်သည်။ ၎င်းတို့တာဝန်မှာ ထိုသူတို့၏ အခွင့်အရေးအား ကူညီအကြံပေးရန်နှင့် ရှင်းလင်းချက်မေးခွန်းများကို ပြောပြရန်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှု့အပြင်ဆုံးဖြတ်ချက်ကိုမှု ပြင်ဆင်ခွင့်မရပေ။
သို့သော် အသိပေးနိုးဆော်ခြင်းကိုမူ ပြုလုပ်နိုင်သည်။
အကြံများကို ကျန်းမာရေးအကြောင်းသိကျွမ်းသူကို မေးနိုင်သည်။

### ၅.၃အာဏာပိုင်များ၏ ထိန်းသိမ်းစောင့်ရှောက်ရမည့်ဝတ်တရားများ

အာဏာပိုင်များတွင် ကိစ္စမပေါက်ကြားအောင်စောင့်ထိန်းရမည့်တာဝန် ရှိသည်။ ဆိုလိုရင်းမှာ အာဏာပိုင်များအဘယ်သူကိုမှ ကိစ္စအားပြော၍ မရပေ။ သို့သော် အာဏာပိုင်များတွင်အခြား အာဏာပိုင်များနှင့် ဥပဒေရေးရာ ပူပေါင်းဆောင်ရွက် ပိုင်ခွင့်ရှိလျှင် ဆွေးနွေး၍ရသည်။

ကိစ္စမပေါက်ကြားအောင်စောင့်ထိန်းရမည့်တာဝန်သည် မိသားစုနှင့်လည်း သက်ဆိုင်သည်။ သက်ဆိုင်သူ၏ ခွင့်ပြုချက်မရဘဲ မည်သူကိုမှ ပြော၍မရပေ။

## ၆။ စားဝတ်နေရေးအတွက်ထောက်ပံ့မှု

မသန်မစွမ်းများသည် ၎င်းတို့၏ကျန်းမာရေးနှင့် ပတ်သက်သော ကုန်ကျစရိတ်နှင့် ကျန်းမာရေးဆိုင်ရာအကူအညီများကို အဘက်ဘက်မှ လျှောက်တင်နိုင်သည်။

### ၆.၁ အရွယ်ရောက်သူ မသန်မစွမ်းထောက်ပံ့မှု

မသန်မစွမ်းထောက်ပံ့မှုသည် အနီးစပ်ဆုံး ပင်စင်မရသေးသော အလုပ်လုပ် နိုင်သည့် မသန်မစွမ်းများအတွက် ရည်ရွယ်ထားဖြစ်သည်။ လျှောက်တင်ချက် ကိုလက်ခံနိုင်ရန် လျှောက်ထားသူ၏အသက်၊ ဖင်လန်တွင်နေထိုင်သောအချိန်၊ မသန်မစွမ်းဖြစ်ချိန်တို့ကို ကြည့်ရသည်။

မသန်မစွမ်းအတွက်ထောက်ပံ့မှုကို တစ်သက်တာဖြစ်စေ၊ ယာယီဖြစ်စေ ရရှိနိုင်သည်။ မသန်မစွမ်းအတွက်ထောက်ပံ့မှု ပမာဏသည်လည်း မသန်စွမ်းမှု အခြေအနေအပေါ်မူတည်၍ ပြောင်းလည်းတတ်သည်။ မသန်မစွမ်းအတွက် ထောက်ပံ့မှုကို ကဲလာထံ လျှောက်တင်ရပြီး ဆရာဝန်ထောက်ခံစာ ဃ (သို့) တွဲရမည်။ မသန်မစွမ်းအတွက်ထောက်ပံ့ကြေးအတွက် အခွန်ဆောင်ရန် မလိုပေ။

### ၆.၂ အသက် ၁၆ နှစ်အောက်များ မသန်မစွမ်းထောက်ပံ့မှု

ကြာမြင့်စွာ ဖျားနာသူ မသန်မစွမ်းကလေးအတွက်မိဘက အသက် ၁၆ နှစ် အောက် မသန်မစွမ်းထောက်ပံ့ကြေးကို ကဲလာထံ လျှောက်တင်နိုင်သည်။ ထောက်ပံ့မှုသည် ကလေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးလှူပ်ရှားမှု ကုန်ကျစရိတ်အတွက် ဖြစ်သည်။

အသက် ၁၆ နှစ်အောက် မသန်မစွမ်းထောက်ပံ့ကြေးအတွက် အခွန်ဆောင်ရန် မလိုပေ။ ထောက်ပံ့မှုကို ကဲလာထံ လျှောက်တင်ရပြီး ဆရာဝန်ထောက်ခံစာ ဃ ဖြစ်ရမည်။

### ၆.၃ နေရေးထိုင်ရေး ထောက်ပံ့မှု

အခြေခံနေရေးထိုင်ရေးထောက်ပံ့မှုကို အငှါးအိမ် (သို့) အကြွေးအိမ်တွင်နေ ထိုင်သောအလုပ်လက်မဲ့များက ရရှိနိုင်သည်။ နေရေးထိုင်ရေးထောက်ပံ့မှုတွင် အိမ်လခ၊ မီးခနှင့် ရေခများပါဝင်သည်။ ထောက်ပံ့ကြေးသည် ဝင်ငွေအနည်းအများအပေါ်မူတည်သည်။

ပင်စင်အနည်းငယ်သာရသော ပင်စင်စားများက ပင်စင်စားများ၏ နေရေးထိုင်ရေးထောက်ပံ့ကြေးကို ရရှိနိုင်သည်။

ထိုထောက်ပံ့ကြေးငွေ နှစ်မျိုးစလုံးကို ကဲလာထံ လျှောက်ထားရသည်။

၆.၄ ကျန်းမာသန်စွမ်းမှု နှင့်ဆိုင်သောငွေ

ကျန်းမာသန်စွမ်းမှုနှင့်ဆိုင်သောငွေသည် မသန်မစွမ်းများ၏ ကျန်းမာခြင်းနှင့်
နေ့စဉ်ပိုမို ကျန်းမာလာစေရန်ဖြစ်သည်။ ကျန်းမာခြင်းနှင့် ရောဂါကြောင့်လေ့ ကျင့်ခန်းလုပ်ရန် လိုအပ်လျှင် ကျန်းမာလာစေရန်အတွက်ငွေကို လျှောက်ထား နိုင်သည်။ ၄င်းငွေကို ဖင်လန်နိုင်ငံတွင် နေထိုင်သော အသက် ၁၆–၆၇ အရွယ်အထိ ရောဂါကြောင့်လေ့ကျင့်ခန်းလုပ်ရန် လိုအပ်ကြောင့် လစာငွေကို ထိခိုက်သူများ လျှောက်ထားရမည်။

ထိုငွေကို ကဲလာထံ လျှောက်ထားရမည်။ ၄င်းအတွက် အခွန်ဆောင်ရန်လိုသည်။ လျှောက်ထားချက်တွင် လေ့ကျင့်ခန်း စီစဉ်သည့်သူ၏ လေ့ကျင့်ခန်းလုပ်ရန် လိုအပ်ကြောင်းဆုံးဖြတ်ချက်ကို တွဲရန် လိုအပ်သည်။

၆.၅ အစားအသောက်နှင့် အဝတ်အစား ထောက်ပံ့ကြေး

မသန်မစွမ်းဖြစ်သူသည် ကျန်းမာရေးကြောင့်အစားအသောက်ရှေ ှာင်စားရမည် ဆိုပါက ထောက်ပံ့ကြေးကို လျှောက်ထားနိုင်သည်။ ထို့အပြင် ပုံမှန်ဝတ်နိုင်သော အဝတ်အစားများ ကျန်းမာရေးနှင့်မကိုက်လျှင် ထောက်ပံ့ကြေးကို လျှောက်ထား နိုင်သည်။

ထိုထောက်ပံ့ကြေးများကို နေထိုင်ရာဆိုရှယ်ရုံးတွင် လျှောက်ထားနိုင်သည်။

၆.၆ နေထိုင်စားသောက်မှုနှင့် လူမှုဆိုင်ရာချေးငွေ

အခက်အခဲဖြစ်နေလျှင် ဆိုရှယ်ရုံးက နေထိုင်စားသောက်မှုနှင့် လူမှုဆိုင်ရာ ထောက်ပံ့ကြေငွေကို ပေးသည်။ ထောက်ပံ့ကြေငွေကို အခြားဝင်ငွေ နည်းပါးနေလျှင်သာ ထောက်ပံ့ပေးသည်။

၄င်းထောက်ပံ့ကြေးငွေသည် နောက်ဆုံးပေးသည့် ဝင်ငွေဖြစ်သည်။ အခြား ဝင်ငွေများသည် ၄င်းထောက်ပံ့ကြေးငွေအတွက် သက်ရောက်မှုရှိသည်။ မသန်မစွမ်းထောက်ပံ့ကြေးငွေမှာမူ မသက်ဆိုင်ပေ။

မိမိနေထိုင်ရာမြို့မှ နေထိုင်သူများအတွက် လူမှုဖူလုံရေးချေးငွေကို စီစဉ် ပေးနိုင်သည်။ ထိုငွေကို အခြားဝင်ငွေနည်းပါး၍ ငွေချေးမှုခက်သောနေထိုင်သူ များကိုသာ ပေးသည်။ ချေးငွေရသောသူများ ထိုငွေကို ပြန်လည်ပေးဆပ်ရမည်။ လူမှုဖူလုံရေးချေးငွေကို နေထိုင်ရာဆိုရှယ်ရုံးတွင် လျှောက်ထားနိုင်သည်။

၆.၇ နိုင်ငံရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာထောက်ပံ့ကြေးငွေ

နိုင်ငံရွှေ့ပြောင်းနေထိုင်မှုအစီအစဉ်အတောအတွင်း နိုင်ငံရွှေ ့ပြောင်းနေထိုင် သူသည် နိုင်ငံရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာထော က်ပံ့မှုကို ရပိုင်ခွင့်ရှိသည်။
နိုင်ငံရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာထောက်ပံ့ကြေးငွေတွင် လုပ်ငန်းခွင်ဝင်နိုင်ရန်
ထောက်ပံ့ကြေးငွေနှင့် စားဝတ်နေရေးထောက်ပံ့ကြေးငွေများနှင ့် တူသည်။

နိုင်ငံရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာထောက်ပံ့ကြေးငွေကို ကဲလာ (သို့)
နေထိုင်ရာဆိုရှယ်ရုံးတွင် လျှောက်ထားနိုင်သည်။

၆.၈ အခွန်လျှော့ဆောင်ခြင်း

မသန်မစွမ်းသူများအနေနှင့် အခွန်လျှော့ဆောင်ခြင်းကို ရနိုင်သည်။ ထိုအခွန် လျှော့ဆောင်ခြင်းသည် မသန်မစွမ်းသူများ၏ ရောဂါအနည်းအများပေါ်မူတည်၍ နည်းလျှင်နည်းသလို၊ များလျှင်များမည်။

အကယ်၍ အခွန်လျှော့ဆောင်ခြင်းကို လျှောက်ပါက ဆရာဝန်ထောက်ခံစာကိုပါ တစ်သက်လုံးဖြစ်သောရောဂါဖြ ဖစ်ကြောင်း တင်ပြရမည်။ နောက်ပိုင်း အခွန် ကောက်သူ အလိုအလျောက် အခွန်လျှော့လိမ့်မည်။ အကယ်၍ ရောဂါအခြေ အနေ သက်သာလာလျှင် ပြန်လည်အကြောင်းကြားရမည်။

အချက်အလက်ကို အခွန်ဆောင်ရုံးတွင် သိနိုင်သည်။

## ၇။ ပင်စင်

အသက်ကြီးကြောင့် (သို့) မကျန်းမာမှုကြောင့်
အလုပ်မလုပ်နိုင်လျှင် ပင်စင် ရသည်။

ပင်စင်အမျိုးမျိုးရှိသည်။ ဖင်လန်နိုင်ငံတွင် နေထိုင်သောသူများ အသက်ကြီး လာလျှင် သက်ကြီးပင်စင်ကို ခံစားခွင့်ရသည်။ ထိုအထဲတွင် အကယ်၍ အလုပ်ကို ပြည့်ဝစွာ လုပ်ခဲ့ပါက ဝင်ငွေပင်စင်ပါ ပါဝင်သည်။ ဝင်ငွေပင်စင်သည် ဝင်ငွေအပေါ်မူတည်သည်။ အကယ်၍ ဝင်ငွေမရှိပါက အမျိုးသားပင်စင်ကို ရရှိမည်။

ပင်စင်ရနိုင်ရန်မှာ အကန့်အသတ်ရှိသည်။ လျှောက်ထားသူ ဖင်လန်နိုင်ငံတွင် ဘယ်လောက်ကြာကြာ နေထိုင်သည်အပေါ် တွင်လည်းမူတည်သည်။

### ၇.၁ အာမခံပင်စင်

အာမခံပင်စင်သည် လစာနည်းသူများကို ပေးသောအနည်းငယ်သောပင်စင် ဖြစ်သည်။ အာမခံပင်စင်ကို အသက် ၁၆ နှစ် နောက်ပိုင်း ဖင်လန်နိုင်ငံတွင် အနည်းဆုံး ၃နှစ် နေထိုင်ပြီးသူက ရရှိနိုင်သည်။

အာမခံပင်စင်ကို ကဲလာထံ လျှောက်ရသည်။
ပင်စင်ပမာဏသည် အခြားရသော ပင်စင်အပေါ်မူတည်သည်။

### ၇.၂ ကာယလှုပ်ရှားမှုထောက်ပံ့ကြေးငွေ

ကာယလှုပ်ရှားမှုထောက်ပံ့ကြေးငွေကို အကယ်၍
လုပ်အားကောင်းမွန်မှု
မထင်မှတ်သလို လျော့နည်းလျှင် ယာယီအနေဖြင့်
လျှောက်တင်နိုင်သည်။
ထောက်ပံ့ကြေးငွေကို ကာယလှုပ်ရှားမှုပြုချိန်၊
ကုသမှုခံယူချိန်နှင့် အလုပ်ပြန်
ဝင်နိုင်သည့်အခြေအနေသို့ ရောက်သည်အထိ
ထောက်ပံ့ပေးသည်။

ထိုထောက်ပံ့ကြေးငွေကို ကဲလာ (သို့) အလုပ်ပင်စင်ရုံးထံ လျှောက်ထား နိုင်သည်။

### ၇.၃ အလုပ်ခွင်ဝင်နိုင်စွမ်းမရှိသူအတွက် ပင်စင်ကြေးငွေ

အကယ်၍ အနာနှင့် ဖျားနာမှုကြောင့် တစ်သက်တာ အလုပ်မလုပ်နိုင်လျှင် ထိုသူအား အလုပ်ခွင်ဝင်နိုင်စွမ်းမရှိသူအတွက်ပင်စင်ကြေးငွေကို ပေးသည်။ အသက်၂၀ အောက်များကိုမူ ကျန်းမာရေးစစ်ဆေးခြင်းမပြီးခင် ထိုပင်စင် ကြေးငွေကို မရနိုင်ပါ။

အလုပ်ခွင်ဝင်နိုင်စွမ်းမရှိသူအတွက် ပင်စင်ကြေးငွေကို ကဲလာ (သို့) အလုပ်ပင်စင်ရုံးထံ လျှောက်ထားနိုင်သည်။

### ၇.၄ ပင်စင်ရရှိသူအားပြုစုသည့် ထောက်ပံ့ကြေးငွေ

ပင်စင်ရရှိသူသည် ပြုစုခြင်း (သို့)
အခြားသောဝန်ဆောင်မှုကုန်ကျမှုအတွက်
ပြုစုသည့်ထောက်ပံ့ကြေးငွေကို ရရှိနိုင်သည်။ ၎င်းအပြင်လည်း
ထိုငွေဖြင့် နာမကျန်းဖြစ်သူအား အိမ်တွင်နေထိုင်မှု
ပိုမိုအဆင်ပြေနိုင်ရန် ပေးခြင်းဖြစ်သည်။

ထောက်ပံ့ကြေးငွေကို ကဲလာထံ တင်ပြပြီး အခွန်ပေးရန်မလို။

### ၇.၅ ပင်စင်ရရှိသူ၏ကလေးအား ထောက်ပံ့ကြေးငွေ

ပင်စင်ရရှိသူတွင် အသက် ၁၆ နှစ်အောက်
ကလေးရှိပါက ကလေးထောက်ပံ့ ကြေးအပိုကို ရရှိမည်။
ကလေးထောက်ပံ့ကြေးငွေအပိုကို ကဲလာထံ တင်ပြပြီး
အခွန်ပေးရန်မလို။

# ၈။ နေရေးထိုင်ရေး

ဖင်လန်တွင် မသန်မစွမ်းသူများ တတ်နိုင်သမျှ လွတ်လပ်စွာ နေနိုင်ရန် ရည်ရွယ် ထားသည်။ မသန်မစွမ်းသူများ မိမိနေအိမ် (သို့) ဝန်ဆောင်မှုရိပ်သာတွင် နေ ထိုင်နိုင်သည်။ လွတ်လပ်စွာ နေနိုင်ရန် အိမ်ကို ပြုပြင်ရမည် (သို့) လိုအပ် သောအရာကို ဝယ်ယူရမည်။ အိမ်ပြုပြင်ခြင်းနှင့် လိုအပ်သောအရာကို ဝယ်ယူရာတွင် အထောက်အပံ့ရနိုင်သည်။

၈.၁ နေရေးထိုင်ရေးလွယ်ကူရန် လိုအပ်သည့် အသုံးအဆောင်နှင့် အိမ်ပြုပြင်ချိန်တွင် လိုအပ်သောအကူအလုပ်

အခက်အခဲရှိသော မသန်မစွမ်းသူများ နေရေးထိုင်ရေးလွယ်ကူရန် လိုအပ်သည့် အထောက်အပံ့အား ရနိုင်သည်။ ထိုသူများမှာ ဥပမာ နားမကြားသူအတွက် အရေးပေါ်ခလုပ်နှင့် လှုပ်ရှားမှုခက်ခဲသူအတွက် လှေကားတက်တို့ ဖြစ်သည်။ ဖင်လန်တွင် မသန်မစွမ်းသူများ တတ်နိုင်သမျှ လွတ်လပ်စွာ နေနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

အချို့အိမ်များတွင် မသန်မစွမ်းသူများ နေနိုင်ရန် ပြောင်းရွှေ့ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ရန် လိုအပ်သည်။ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်သောကုန်ကျမှုကို မသန်မစွမ်းသူများ နေနိုင်ရန် လိုအပ်လျှင် ထောက်ပံ့ပေးသည်။ အထောက်အပံ့ကို ဥပမာ တံခါးပေါက်ချဲ့ခြင်း၊ အလင်းပေးခြင်းနှင့် လူနာထိုင်ဘီးတပ်ကုလားထိုင်သွားရန်ဆင်ခြေ ခလျှော မျာအတွက် ပေးသည်။

နေရေးထိုင်ရေးနှင့် ပတ်သက်သော အထောက်အပံ့ကို နေထိုင်ရာမြို့ရှိ မသန်မစွမ်းသူများဌာနတွင် လျှောက်တင်နိုင်သည်။

၈.၂ နေအိမ်ဝန်ဆောင်မှု

အကယ်၍ မသန်မစွမ်းသူသည်နေ့စဉ်နေထိုင်မှုနှင့် ပတ်သက်သောအကူအညီ အများအပြား လိုအပ်နေလျှင် နေအိမ်ဝန်ဆောင်မှုဖြင့်နေထိုင်လျှင် ပိုမိုအဆင်ပြေမည်။ ကိုယ်ပိုင်နေအိမ်တွင် နေထိုင်နိုင်ရန် မသန်မစွမ်းသူသည်ဝန်ဆောင်မှုကို လုံလောက်စွာ ရနိုင်သည်။ အိမ်သည် ဥပမာ ဝန်ဆောင်မှုရိပ်သာကဲ့သို့ ဝန် ဆောင်မှု လိုအပ်သူများနေသလို နေနိုင်သည်။ ဝန်ဆောင်မှုရိပ်သာတွင် နေသူ များ ဥပမာ အစားအသောက် တစ်ကိုယ်ရည်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ရနိုင်သည်။

ဝန်ဆောင်မှုရိပ်သာတွင် နေသူများတွင် ကိုယ်ပိုင်ပုံမှန်အခွင့်ရေးနှင့် တာဝန်များ အပြည့်အဝရှိသည်။

# ၉။ လှုပ်ရှားမှု

၉.၁ သွားလာရာတွင် အကြိုအပို့ နှင့်ဆိုင်သောဝန်ဆောင်မှု

အခက်အခဲကြီးမာသောမသန်မစွမ်းသူများအတွက် နေထိုင်ရာဒေသက အများသုံးယာဉ်ဖြင့် သွားလာရာတွင် ခက်ခဲသောသူအတွက်အကြိုအပို့ နှင့်ဆိုင်သောဝန်ဆောင်မှုကို ပေးသည်။ အခက်အခဲကြီးမာသောမသန်မစွမ်းသူများ ခက်ခဲသောသူအတွက်အကြိုအပို့ နှင့် ဆိုင်သောဝန်ဆောင်မှုယာဉ်ကို အလုပ်နှင့် ကျောင်းခရီးလမ်းတွင် သုံးနိုင်သလို အားလပ်ချိန်တွင်လဲဘဲ သုံးနိုင်သည်။ ဥပဒေတွင် အကြိုအပို့ ယာဉ်ကို ဘယ်နှစ်ကြိမ်မျှ သုံးနိုင်သည်ကို ချမှတ် ထားသည်။ အကြိုအပို့ ယာဉ်သည် အများသုံးယာဉ်ကုန်ကျသလောက် ကုန်သည်။

အကြိုအပို့ နှင့်ဆိုင်သောဝန်ဆောင်မှုကို နေထိုင်ရာမြို့ ရှိ လူမှုဝန်ထမ်းထံတွင် လျှောက်တင်နိုင်သည်။

၉.၂ လှုပ်ရှားမှုတွင် လိုအပ်သော အသုံးအဆောင်များ

နေထိုင်ရာမြို့ ထံမှ သွားလာရာတွင်ခက်ခဲမှုကြောင့် လိုအပ်သောအထောက် အကူပစ္စည်းကိုချေးခြင်း (သို့ ) ကိုယ်ပိုင်အဖြစ်တောင်းခံနိုင်သည်။လှုပ်ရှားမှုတွင် လိုအပ်သောအသုံးအဆောင်များမှာ ဥပမာ တွန်းလှည်း၊ လမ်းလျှောက်လျှင် သုံးသည့်တုတ်နှင့် လှည်းများဖြစ်သည်။

၉.၃ ယာဉ် အသုံးအဆောင်နှင့်ဆိုင်သော လျှော့ဈေးနှုန်း

အများသုံးယာဉ်များတွင် လျှော့ဈေးအမျိုးမျိုး ရှိသည်။ ဥပမာ ကျောင်းသူ၊သား နှင့် ပင်စင်စားများ ဘတ်စ်၊ ရထားနှင့် လေယာဉ်တွင် ၅၀ % လျှော့ဈေးနှုန်း ရသည်။ မိမိနေထိုင်ရာမြို့ ယာဉ်ဌာနထံမှ အချက်အလက် ပိုမို သိနိုင်သည်။

ရထား။ VR (Valtionrautatiet)မှ ကျောင်းသူ၊သားနှင့် ပင်စင်စား များကို ရထားလက်မှတ်ခ ၅၀ % လျှော့နှုန်းပေးသည်။ ၎င်း ရထားလက်မှတ် ဘူတာတွင် ပိုမိုသိနိုင်သည်။ အကယ်၍ လိုက်ပို့ပေးသူကို သုံးခွင့်ရှိလျှင် သူက အခမဲ့သွားလာနိုင်သည်။

ဘတ်စ်ကားများ။ ခရီးသွားဝန်ဆောင်မှုမှ ပင်စင်စားသူကို ၃၀ % လျှော့ ပေးသည်။ ခရီးသည် အသွားတစ်ခုထဲဖြစ်ရမည်ဖြစ်ပြီး အနည်းဆုံး ၈၀ ကီလိုမီတာဖြစ်ရမည်။ ကျောင်းသူ၊သားများမှာ ၅၀ % လျှော့ဈေးရသည်။ ခရီးသွားဝန်ဆောင်မှုထံမှ လျှော့ဈေး အကြောင်းမေးမြန်းနိုင်သည်။

လေယာဉ်များ။ အချို့ လေယာဉ်များတွင် ပင်စင်စားသူများနှင့် မသန် မစွမ်းသူများကို လျှော့ဈေးပေးသည် (ဥပမာ ၎ ညညငေမ)။ လိုက်ပို့ပေးသူလဲဘဲ လျှော့ဈေး ရနိုင်သည်။ လျှော့ဈေးသည် နိုင်ငံတွင်းပျံသော လေယာဉ်နှင့်သာ သက်ဆိုင်သည်။

အချို့ လေယာဉ်များတွင် သက်ဆိုင်သူအကူတာဝန်ခံထံမှ အခမဲ့ဝန်ဆောင်မှုကို
ရနိုင်သည်။ လေယာဉ်ဌာနတွင် ပိုမိုသိရှိနိုင်သည်။

၉.၄. ကိုယ်ပိုင်ကား

ကားရှာခြင်း၊ ကားမောင်းသင်တန်းတက်ခြင်းနှင့် ကားပြောင်းမှုအတွက် ထောက်ပံ့ကြေး လျှောက်နိုင်သည်။

ထိုငွေသည် လျှောက်ထားသူ မူလရပိုင်ခွင့်မရှိသည့် စမ်းစစ်ရသည့်ငွေဖြစ်သည်။

ကားမောင်းသင်တန်း။ မသန်မစွမ်းသူများ ကားမောင်းသင်တန်းအတွက် ထောက်ပံ့ကြေးငွေကို ရနိုင်သည်။ ထောက်ပံ့ကြေးငွေကို မြို့နယ် ဆိုရှယ်ထံ လျှောက်ထားနိုင်သည်။

ကားဝယ်ခြင်း။ အကယ်၍ မသန်မစွမ်းသူများကျန်းမာရေးအတွက် မဖြစ်မနေ ကားဝယ်ရမည်ဆိုလျှင် ထောက်ပံ့ကြေးငွေကို ရနိုင်သည်။ ထောက်ပံ့ကြေးငွေ သည် ကုန်ကျမှု၏ဈေးနှုန်းတစ်ဝက် ဖြစ်သည်။ ထောက်ပံ့ကြေးငွေကို မြို့နယ် ဆိုရှယ်ထံ လျှောက်ထားနိုင်သည်။

ကားခွန်။ ဖင်လန်တွင် ကားဝယ်သူသည် ကားခွန်ပေးရသည်။ မသန်မစွမ်း သူများ ကျန်းမာရေးအခြေအနေလုံလောက်စွာ ဆိုးဝါးနေလျှင် (သို့ ) ကားမဖြစ်မနေလိုအပ်နေလျှင် အခွန်ကို ပြန်ရနိုင်သည်။ Eteläiseltä Tullipiiriltä Hangon tulli (အခွန်ဌာန)က အခွန်ကို ပြန်ရရန် လျှောက်ထားရသည်။

ကားပြောင်းခြင်းအလုပ်။ မသန်မစွမ်းသူများကျန်းမာရေးအခြေ
အနေ
ကြောင့် ကားကိုပြောင်းလည်းမှု လုပ်ရမည်။
ထိုကားကိုပြောင်းလည်းမှု အလုပ်သည် ဥပမာ ထိုင်ခုံမှသည့်နေ
ရာတတ်ဆင်ခြင်းဖြစ်သည်။ထိုအတွက်ကို
မြို့နယ်ဆိုရှယ်ထံ လျှောက်ထားနိုင်သည်။

မသန်မစွမ်းသူများ၏ ကားရပ်နေရာခွင့်ပြုချက်။
အခက်အခဲကြီးမားသော မသန်မစွမ်းသူများသည်
ပလိပ်ထံ ကားရပ်နေရာ ခွင့်ပြုချက် ရနိုင်သည်။
ကားရပ်နေရာခွင့်ပြုချက်သည် သတ်မှတ်ပြီးသည့်နေရာ တွင်
ရပ်ခွင့်ရှိခြင်းဖြစ်သည်။ ရပ်ခွင့်အတွက် အခကြေး ပေးရသည်။
ပလိပ်ထံမှ ပိုမို သိနိုင်သည်။

၉.၅ လုပ်ရှားမှုပိုင်းတွင် လိုအပ်သောလမ်းညွှန်

မျက်မမြင်မသန်မစွမ်းသူများသည် လှုပ်ရှားမှုနည်းလမ်းညွှန်မှုကို
ရနိုင်သည်။
ဆိုလိုယင်းမှာ မျက်မမြင်မသန်မစွမ်းသူများသည်
မိမိအတွက်အရေးကြီးသော
ပတ်ဝန်းကျင်တွင် လုံခြုံစွာ လှုပ်ရှားနေနိုင်ရန် ဖြစ်သည်။

လှုပ်ရှားမှုပိုင်းတွင် လိုအပ်သောလမ်းညွှန်မှုကို ဆေးရုံ၊
မျက်မမြင်ကျောင်း
နှင့် ဆိုရှယ်ဌာနတွင် ရရှိနိုင်သည်။

Näkövammaisten Keskusliitto
(မျက်မမြင်မသန်မစွမ်းသူများ၏ ဗဟိုအဖွဲ့) ထံမှ ပိုမို
သိနိုင်သည်။

## ၁၀။ အကူအညီပေးသူ

၁၀.၁ ကိုယ်တစ်ဦးတည်းအတွက်လိုအပ်သောအကူအညီ

အခက်အခဲကြီးမားသော မသန်မစွမ်းသူများအတွက် အိမ်နှင့်
အပြင်ဘက်တွင် အကူအညီပေးသူကို တောင်းခံပိုင်ခွင့်ရှိသည်။

ကိုယ်တစ်ဦးတည်းအတွက် လိုအပ်သော အကူအညီသည်
မူယင်းအခွင့်အရေး ဖြစ်သည်။ မူယင်းအခွင့်အရေးဆိုသည်မှာ
နေရပ်တွင်နေထိုင်သော သူသည် လျှောက်ထားချက်နှင့်
ညီမျှလျှင် ၄င်းအား စီစဉ်ပေးရမည်ဖြစ်သည်။ အစိုးရက
လျှောက်ထားချက်ကို ငွေမလုံလောက်မှုအားအကြောင်းပြပြီး
ငြင်းဆန်၍မရ။

ကိုယ်တစ်ဦးတည်းအတွက် လိုအပ်သော အကူအညီမှာ ဥပမာ
အောက်ဖော်ပြပါ အချက်ဖြစ်သည်။
အစားအစာချက်ခြင်း
ကျန်းတိုက် သန့်ရှင်းရေး
အဝတ်အစားလျှော်ခြင်း
အိမ်အပြင်ဘက်ကိစ္စများ
စာသင်မှုနှင့်အလုပ်အကိုင်
ဝါသနာများ
အခြားလူမှုကိစ္စများ

အကူအညီပေးသူသည် မသန်မစွမ်းသူများ လုပ်ရမည့်တာဝန်ကို
လုပ်ရန်မလို။
မသန်မစွမ်းသူများလုပ်နေချိန် အခက်အခဲဖြစ်နေလျှင်
ကူညီခြင်းသာဖြစ်သည်။

ကိုယ်တစ်ဦးတည်းအတွက်လိုအပ်သော အကူအညီကို
မြို့နယ်ဆိုရှယ်ရုံး မသန်မစွမ်းဝန်ဆောင်မှုထံ
လျှောက်ထားနိုင်သည်။

၁၀.၂ လမ်းပြခွေး

မျက်မမြင်မသန်မစွမ်းသူများသည် ကိုယ်မသိသော
နေရာတွင်ကူညီပေးသော
သင်တန်းပေးပြီးသောလမ်းပြခွေးကို ရနိုင်သည်။

လမ်းပြခွေးကို မိမိ၏ဆေးရုံတွင် လျှောက်ထားနိုင်သည်။
အချက်အလက်ကို မျက်မမြင်မသန်မစွမ်းလမ်းပြခွေးသင်တန်းအ
ဖွဲ့အစည်းတွင် သိနိုင်သည်။

၁၀.၃ အကူအညီပေးသောခွေး

သွားလာလှုပ်ရှားမှုတွင် မသန်မစွမ်းသူများ
သင်တန်းပေးပြီးသော ၄င်းတို့ အားနေ့စဉ်အကူအညီပေးသော
ခွေးအား ရနိုင်သည်။ အကူအညီပေး သော ခွေးသည်
မီးခလုတ်နှိပ်ခြင်း၊ ရေခဲပြင်တွင် တွန်းလှည်းမှ ဆွဲခြင်း၊
ပစ္စည်းသယ်ပို့ ခြင်းများ လုပ်နိုင်သည်။

အချက်အလက်ကို မသန်မစွမ်းသူများအသင်းအဖွဲ့ ထံ
သိနိုင်သည်။

# ၁၁။ စကားပြန်

၁၁.၁ နိုင်ငံရွှေ့ ပြောင်းနေထိုင်သူများ

ဖင်လန်စကားသည် မိခင်ဘာသာမဟုတ်ပါက စကားပြန်ကို
အာဏာပိုင်နှင့်
တွေ့ဆုံချိန်တွင် ခေါ်ဆိုနိုင်သည်။ စကားပြန်ဝန်ဆောင်မှုသည်
ဖင်လန်တွင် အတည်တကျ နေထိုင်သူများ ပုဂ္ဂလိကအမှုကိစ္စကို
အာဏာပိုင်နှင့် ပြောဆိုနိုင်
ရန်ဖြစ်သည်။

အကယ်၍ အာဏာပိုင် အရင်ဆုံး ကိစ္စပေါ်လျှင် စကားပြန်ကို
စီစဉ်ပေးသည်။
အကယ်၍ ဝန်ဆောင်မှုလိုသူတွင် အရင်ဆုံးကိစ္စပေါ်လျှင်
စကားပြန်ခကို
မိမိဘာသာ ပေးရသည်။

၁၁.၂ အကြားအာရုံ၊ အမြင်အကြားအာရုံနှင့် စကားပြောဆို
ချို့ယွင်းသူများ

အခက်အခဲကြီးမားသော အကြားအာရုံ၊ အမြင်အကြားအာရုံနှင့်
စကားအပြော အဆို ချို့ယွင်းသူမသန်မစွမ်းသူများ
စကားပြန်ကို ရပိုင်ခွင့်ရှိသည်။ စကားပြန် အကူအညီကို
ပညာသင်ချိန်၊ အလုပ်ခွင်၊ အခြားကိစ္စနှင့် အားလပ်ချိန်
လှုပ်ရှားမှု တွင် အသုံးပြုနိုင်သည်။

စကားပြန်ဝန်ဆောင်မှုကို ကဲလာ၏မသန်မစွမ်းစကားပြန်ဝန်ဆေ
ာင်ဌာနထံမှ
လျှောက်တင်နိုင်သည်။

## ၁၂။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ

ကျန်းမာရေးပြုစုစောင့်ရှောက်မှုကုန်ကျငွေကို ကဲလာ (သို့)
နေထိုင်သောမြို့ တွင် လျှောက်တင်နိုင်သည်။

### ၁၂.၁ ဆေးဝါးများ

ဆရာဝန်အတွက် ကုန်ကျငွေကို ကဲလာတွင်
လျှောက်တင်နိုင်သည်။ ထောက်ပံ့ ငွေကို ဆရာဝန်
သတ်မှတ်သော ဆေးကုန်ကျငွေအတွက် ထောက်ပံ့ပေးသည်။

ပုံမှန်အားဖြင့် ထောက်ပံ့ငွေကို ဆေးဆိုင်တွင် ကဲလာကတ်
ပြလျှင်ပြခြင်း ပေးပြီး ဖြစ်သည်။ ဆေးထောက်ပံ့ငွေရရှိမှုသည်
အခြေအနေအရ ပြောင်းလဲသည်။
ကဲလာထံမှ ပိုမို သိနိုင်သည်။

### ၁၂.၂ ကျန်းမာရေးနှင့် ဆိုင်သော ကုန်ကျစရိတ်များ၏ ကန့်သတ်ချက်

အများအားဖြင့် ဆေးခန်းဝန်ဆောင်မှုသည်
ငွေကုန်ကြေးကျဖြစ်သည်။ ါပေမဲ့
တစ်စုံတစ်ယောက်၏ နှစ်အတွင်း ကုန်ကျငွေသည်ကို
ကန့်သတ်ချက် ပေးထား သည်။ ၂၀၁၁ခုနှစ်၏
ကုန်ကျစရိတ်ကန့်သတ်ချက်သည် ၆၃၃ ယူရို ဖြစ်သည်။

ကုန်ကျစရိတ်ကန့်သတ်ချက်သည် ဥပမာ
ဆရာဝန်ကုန်ကျစရိတ်၊ ဆေးရုံအတွက်ကုန်ကျမှုနှင့်
ရက်တို ကုသမှုကုန်ကျစရိတ်နှင့် ဆိုင်သည်။
ကုန်ကျစရိတ်ကန့်သတ်ချက်အထဲတွင် သွားဆရာဝန်ခ၊
သွားလာမှုစရိတ်နှင့် ဆရာဝန်ထောက်ခံစာ ကုန်ကျစရိတ်မပါပေ။

ကုန်ကျစရိတ်ကန့်သတ်ချက်သည် ဖြည့်ပြီးလျှင်
လူနာသည် ကုန်ကျစရိတ်ကို ပေးရန်မလိုတော့ပေ။
ဘယ်အချိန်ပြည့်သွားမည်ကိုသာ မိမိကိုယ်တိုင် မှတ်
ထားရမည်။ မူလဘောင်ချာကို သိမ်းဆည်းထားရမည်။

## ၁၃။ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် ၄င်းအတွက်လိုအပ်သော အထောက်အကူများ

အခက်အခဲကြီးမားသော မသန်မစွမ်းသူများ
ကျန်းမာရေးပြန်လည်ထူထောင်ခြင်း နှင့်
၄င်းအတွက်လိုအပ်သော အထောက်အကူများကို ကဲလာ (သို့)
နေထိုင်သောမြို့ (သို့) အာမခံဌာနတွင် လျှောက်တင်နိုင်သည်။

ကဲလာသည် ထိုအတွက် ကျန်းမာရေးကုသမှုနှင့် ပတ်သက်သော
သုံးသတ်ရန် ဖြစ်သော ကျန်းမာရေးပြန်လည်ထူထောင်ခြင်းကို
ပြုလုပ်သည်။ ဆိုလိုရင်း မသန်မစွမ်း သူများ တတ်နိုင်သမျှ
လွတ်လပ်စွာ နေနိုင်ရန်ရည်ရွယ်ထားခြင်း ဖြစ်သည်။

နေထိုင်သောမြို့ ကျန်းမာရေးဌာနက အခက်အခဲကြီးမားသော
မသန်မစွမ်းသူများ ကျန်းမာရေးကုသမှုကို
အနာတရဖြစ်ပြီးသည်နှင့် ချက်ချင်းစီမံပေးသည်။

အာမခံဌာနက မတော်တဆ ရခဲ့သည့်ထိခိုက်မှုအတွက်
လျော်ကြေးပေးနိုင်သည်။ အာမခံဌာနက ထိခိုက်မှုဖြစ်သူသည်
အာမခံဌာနတစ်ခုခုတွင် စရင်းရှိနေပါမှ ထိခိုက်မှုအတွက်
လျော်ကြေးပေးနိုင်သည်။

### ၁၃.၁ နေထိုင်ရေးပြေလည်မှုနှင့်ဆိုင်သော ပြင်ဆင်မှုများ

နေထိုင်ရေးပြေလည်မှုနှင့်ဆိုင်သောသင်တန်းကို
ဖျားနာသောသူနှင့် အသက် အရွယ်မျိုးစုံသော
သူများအတွက်စီမံပေးသည်။ နေထိုင်ရေးပြေလည် မှုနှင့်
ဆိုင်သောသင်တန်းတွင် ဥပမာ မသန်မစွမ်းသူကလေးရှိသောမိ
သားစုများ တက်နိုင်သည်။

သင်တန်း၏ရည်ရွယ်ချက်မှာ မသန်မစွမ်းသူနှင့်
သူတို့၏ မိသားစုအား ထိခိုက်မှုဖြစ်သောဘဝတွင်
ရေးပြေလည်စေရန်ဖြစ်သည်။ သင်တန်းတွင်
ဥပမာ မသန်မစွမ်းသူနှင့် ပတ်သောအချက်အလက်ကို
သိရှိနိုင်သည်။

နေထိုင်ရေးပြေလည်မှုနှင့် ဆိုင်သောသင်တန်းကို
မသန်မစွမ်းသူများအသင်းအဖွဲ့၊ ကဲလာနှင့်
အခြားကာယဝန်ဆောင်မှုအသင်းသားများက စီမံပေးသည်။
သင်တန်းကုန်ကျငွေကို ကဲလာ၊ နေထိုင်သောမြို့နှင့်
အာမခံဌာနက ပေးသည်။

၄င်းနှင့် သက်ဆိုင်သော ခရီးစရိတ်ကုန်ကျငွေကို ကဲလာထံ
လျှောက်နိုင်သည်။
သည့်အပြင် ၄င်းကို စီစဉ်သောနေရာသည်လည်း
ခရီးစရိတ်ကုန်ကျငွေကို လျော်ပေးနိုင်သည်။

ကဲလာနှင့် မသန်မစွမ်းသူများအသင်းအဖွဲ့ ထံမှ ပိုမို
သိနိုင်သည်။

၁၃.၂ အထောက်အကူ ပစ္စည်းများ

မသန်မစွမ်းသူများသည်
လိုအပ်သောအထောက်အကူပစ္စည်းများကို နေထိုင်သော မြို့နှင့်
ကျန်းမာရေးဌာနက ရနိုင်သည်။

ပုံမှန်အထောက်အကူပစ္စည်းများဖြစ်သည့် ဥပမာ
ချိုင်းထောက်နှင့် တွန်း
လှည်းများကို ကျန်းမာရေးဌာနက ပေးလေ့ရှိသည်။
တန်ဖိုးကြီးသည့် အထောက်
အကူပစ္စည်းများဖြစ်သည့် စက်ပစ္စည်းများ၊ စာဖတ်ရန် တီဗွီနှင့်
စက်တွန်းလှည်း များကိုမူ ဆေးရုံကပေးသည်။ အထောက်အကူ
ပစ္စည်းများသည် မသန်မစွမ်းသူများ အတွက် အခမဲ့ဖြစ်သည်။
ထို့အပြင် ၄င်း၏ပြင်ဆင်၊ ပြောင်းလည်းမှု နှင့် ကိုင်တွယ်သင်ကြ
ားမှုဝန်ဆောင်မှုသည်လည်း အခမဲ့ဖြစ်သည်။

ပိုမိုသိလိုလျှင် နေထိုင်သောမြို့ကျန်းမာရေးဌာနတွင်
မေးနိုင်သည်။ မသန်မစွမ်း သူများအသင်းထံတွင်လည်း
အထောက်အကူပစ္စည်းများအကြောင်းကို သိလိုလျှင်
မေးမြန်းနိုင်သည်။

## ၁၄။ စာသင်ကြားမှု

ဖင်လန်နိုင်ငံတွင် လူတိုင်းအပြင် မသန်မစွမ်းသူများ
စာသင်ကြားပိုင်ခွင့်ရသည်။ မသန်မစွမ်းသူကျောင်းသူ၊သားများ
ကျောင်းနှင့် အခြား အဆောင်များတွင် အခြားသူများကဲ့သို့
စာသင်ကြားပိုင်ခွင့်ရှိသည်။ သူတို့သည် သီးသန့်ကျောင်း
နှင့် အခြားအဆောင်များတွင်လည်း စာသင်ကြားပိုင်ခွင့်ရှိသည်။
ကျောင်းနှင့် အဆောင်များတွင် ထိုသူတို့ အတွက်
စာသင်ကြားမှုပြေလည်စေရန် အထောက် အကူများပေးသည်။

၁၄.၁ ဖင်လန်စာသင်ကြားမှု

ဖင်လန်စာသင်ကြားမှုသည် ဖင်လန်တွင်
နေထိုင်မှုပြေလည်စေမှုအတွက် အထောက်အကူပြုသည်။
ဖင်လန်စာသင်ကြားမှုကို အသင်းအဖွဲ့ အသီးသီးက အမျိုးမျိုး
စီစဉ်ပေးသည်။

ဖင်လန်နိုင်ငံသားလျှောက်တင်ချိန်တွင် သင်သည်ဖင်လန် (သို
့) ဆွီဒင်စကား ပြောနှင့် ရေးတတ်မှု အတန်အတင့်တတ်ရမည်။
ဖင်လန်မသန်မစွမ်းဘာသာ စကားကို တတ်မြောက်လျှင်လည်း
လုံလောက်သည်။

ဖင်လန်စာသင်ကြားမှုအကြောင်းကို အလုပ်သမားရုံးနှင့်
စာသင်ကျောင်းများတွင် သိနိုင်သည်။

၁၄.၂ အသက်မွေးဝမ်းကြောင်းဆိုင်ရာရွေးချယ်မှု

အသက်မွေးဝမ်းကြောင်းဆိုင်ရာ ရွေးချယ်မှုတတ်ကျွမ်းသူသည်
သင်အား အလုပ် သင်ကျောင်းရွေးချယ်မှုအတွက်
ကူညီနိုင်သည်။ သူတို့နှင့်အတူ စာသင်ကြားမှု နှင့်
သက်ဆိုင်သောမိမိရောဂါနှင့် အခက်အခဲအကြောင်းများ
ပါဝင်သည့် စီမံ ကိန်းကို အတူတကွ ဆွဲနိုင်သည်။
အသက်မွေးဝမ်းကြောင်းဆိုင်ရာ ရွေးချယ်မှု တတ်ကျွမ်းသူသည်
အလုပ်သမားရုံးတွင် အလုပ်လုပ်သည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာရွေးချယ်မှုတတ်ကျွမ်းသူနှင
့် အရင်ဆုံး စမ်းသပ်မှု ပြုလုပ်နိုင်သည်။ စမ်းသပ်မှုက သင်သည်
အလုပ်တစ်ခုခုကို လုပ်လျှင် အဆင်ပြေ မပြေကို ဖော်ပြသည်။
တတ်ကျွမ်းသူသည် သင့်အတွက် အလုပ် ဆင်းသည့်နေရာ နှင့်
ကျောင်းများကို သွားလည်ရန် စီစဉ်ပေးသည်။

အလုပ်သမားရုံးတွင် ပိုမိုသိရှိနိုင်သည်။

## ၁၄.၃ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်းများ

မသန်မစွမ်းသူများ၊ ကြာမြင့်စွာ ဖျားနာသူများနှင့် အခြားအကူအညီလိုသူများ အထူးသီးသန့် အလုပ်သင်ကျောင်းတွင် ပညာသင်ယူနိုင်သည်။ ထိုကျောင်းများတွင် အခက်အခဲကြီးမားသော မသန်မစွမ်းများကိုလည်း ပညာနှင့် ကာယကိုပါ သင်ပြပေးသည်။ ထိုကျောင်းများသည် ဖင်လန်နိုင်ငံ၌ နေရာအမျိုးမျိုးတွင် ရှိသည်။

ပညာရေးအစိုးရနှင့် မသန်မစွမ်းအသင်းများထံတွင် ပိုမိုသိရှိနိုင်သည်။

## ၁၄.၄ အကူဆရာ၊မ

အခက်အခဲကြီးမားသော မသန်မစွမ်းများသည် သီးသန့် အကူဆရာ၊မကို မှတ်စု မှတ်ခြင်း၊ အစာစားခြင်းနှင့် လှုပ်ရှားရာတွင် ခေါ်ပိုင်ခွင့်ရှိသည်။ အကူဆရာ၊ မကို နေရပ်ဆိုရှယ်ရုံးတွင် လျှောက်တင်နိုင်သည်။

ဆိုရှယ်ရုံးတွင်ပိုမိုသိရှိနိုင်သည်။

## ၁၄.၅ ကျောင်းအသွားအပြန်ကုန်ကျစရိတ်

ကျောင်းအသွားအပြန်ကုန်ကျစရိတ်ကို မသန်မစွမ်းကျောင်းသူ၊ သားများကို ကဲလာက ထောက်ပံ့ပေးသည်။ သို့သော် ထိုကျောင်းသူ၊သားသည် မသန်မစွမ်း များအတွက် စီမံပေးသောကျောင်းကားစီးခွင့် မရှိခဲ့လျှင်သာ ဖြစ်သည်။

ကဲလာနှင့် စာသင်ကျောင်းများတွင် ပိုမိုသိရှိနိုင်သည်။

## ၁၄.၆ ကျောင်းနှင့်ပတ်သက်သော စားဝတ်နေရေးထောက်ပံ့ကြေးငွေ

ဖင်လန်နိုင်ငံတွင် ကျောင်းနှင့် ပတ်သက်သောထောက်ပံ့ကြေးငွေကို နည်းမျိုး စုံဖြင့် ထောက်ပံ့သည်။ ဥပမာ စာသင်မှု ထောက်ပံ့ကြေးငွေကို ပညာသင်မှု အတွက် ထောက်ပံ့ပေးသည်။ ပညာသင်မှုအတွက် ထောက်ပံ့ကြေးငွေ အကြောင်းကို ကဲလာနှင့် ပညာသင်ကျောင်းများတွင် သိနိုင်သည်။

ပညာသင်မှုအတွက်ထောက်ပံ့ကြေးငွေ။ ပညာသင်မှုအတွက်ထောက်ပံ့ကြေး ငွေသည် ပညာသင်ငွေ၊ နေထိုင်မှုအတွက်ငွေနှင့် ပညာသင်ငွေများကို ချေးရန် အစိုးရထံချေးငွေအာမခံချက် ဖြစ်သည်။ ပညာသင်မှုအတွက်ထောက်ပံ့ကြေး ငွေကို အကယ်၍ အချိန်ပြည့်အနည်းဆုံး ၂လကြာဖြစ်ရမည့်အပြင် အခြားမည် သည့် ထောက်ပံ့ကြေးမှ မရသူဖြစ်ရမည်။ ဥပမာ ကျောင်းသားများသည် အခြား သော ပင်စင်နှင့် ကာယထောက်ပံ့မှုများကဲ့သို့ သော ထောက်ပံ့ကြေးငွေကို ရလျှင် ပညာသင်မှုအတွက်ထောက်ပံ့ကြေးငွေကို မရပေ။ ပညာသင်မှု အတွက်ထောက်ပံ့ကြေးငွေကို ကဲလာထံ လျှောက်တင်ရသည်။

နေထိုင်မှုအတွက်ငွေ။ ကျောင်းသူ၊သားများက ပညာသင်ယူသည့်အချိန်ကာလ အတွင်း နေထိုင်မှုအတွက်ငွေ ရနိုင်သည်။ အိမ်ငှားနေသည့် ကျောင်းသူ၊သား များသာ ထိုနေထိုင်မှုအတွက်ငွေ ရနိုင်သည်။

နေထိုင်မှုအတွက်ငွေကို ကဲလာထံ လျှောက်တင်ရသည်။

ပညာသင်ရန် ချေးငွေ။ အစိုးရက အာမခံပြီး ပညာသင်ချေးငွေကို ပညာသင်ပြီး နောက် ပြန်လည်ပေးရသည်။ ပြန်လည်ပေးဆပ်ခြင်း၊ အတိုးနှင့်အခြားအကြောင်း ကို ဘဏ်နှင့် ငြိရမည်။ အစိုးရ၏ပညာသင်ချေးငွေအာမခံချက်ကို ကဲလာထံ လျှောက်တင်ရသည်။

အစ္စယ်ရောက်သူများအတွက်ထောက်ပံ့ကြေး
။ အစ္စယ်ရောက်သူကျောင်းသားများ သည် အကယ်၍ အနည်းဆုံးစနစ်ခန့် အလုပ်လုပ်ပြီး ကျောင်းပြန်တက်လိုလျှင် အစ္စယ်ရောက်သူများအတွက် ထောက်ပံ့ကြေးငွေကို ရနိုင်သည်။ ပညာသင်မှု သည် အစ္စယ်ရောက်သူကျောင်းသားသည် အရင်က တက်ခဲ့သောကျောင်း (သို့) အခြားလိုင်းဖြစ်စေ၊ ပြဿနာမရှိပေ။ ထိုငွေကို ပညာသင်မှုငွေဌာနတွင် လျှောက် နိုင်သည်။

အစိုးရက အာမခံထားသည့် ပညာသင်ရန်ချေးငွေဖြင့်လည်း ကျောင်းတက် နိုင်သည်။ အစိုးရ၏ ပညာသင်ချေးငွေအာမခံချက်ကို ကဲလာထံ လျှောက် တင်ရသည်။

ကာယလုပ်ရှားမှုမကောင်းသော သူများအတွက် ပေးသောထောက်ပံ့ကြေးငွေ။ ထောက်ပံ့ကြေးငွေသည် လိုင်းရွေးချယ်စမ်းသပ်မှုနှင့် အလုပ်လက်တွေ့အတွက် ကြောင့်လည်းဖြစ်နိုင်သည်။ ကဲလာသည် ထိုငွေကို ကာယလုပ်ရှားမှုကျောင်း ကုန်ကျစရိတ်အတွက်ပေးသည်။ ကဲလာထံ ထိုငွေကိုလျှောက်တင်နိုင်သည်။ ကဲလာက ပညာသင်ကြားမှုအခြေအနေကို စောင့်ကြည့်မည်ဖြစ်တသဖြင့် ကျောင်း အောင်လက်မှတ်များကို ကဲလာအားပို့ ရမည်။

အာမခံကြေးနှင့်ပင်စင်ထောက်ပံ့မှုငွေ။ အာမခံကြေးနှင့် ပင်စင်ငွေက ပညာသင် ကုန်ကျစရိတ်ကို ပေးဆပ်နိုင်သည်။ အကယ်၍ ယာဉ်ထိခိုက်မှုနှင့် အလုပ်ရောဂါ ကြောင့် အလုပ်သင်ကျောင်း အသစ်တခုကို ထပ်သင်ရလျှင် အာမခံဌာနက ပေးဆပ်နိုင်သည်။ မိမိ၏အာမခံရုံးနှင့် ဌနကကအကျကညအသကအကျ ဌူ႔တွင် ပိုမိုသိရှိနိုင်သည်။

အကူငွေနှင့် အခမဲ့ထောက်ပံ့မှုငွေ။ ပညာသင်ခကို အကူငွေနှင့် အခမဲ့ထောက် ပံ့မှုငွေလျှောက်ခြင်းဖြင့် ရနိုင်သည်။ မသန်မစွမ်းအသင်းအဖွဲ့ များထံ ပိုမိုသိရှိနိုင်သည်။

## ၁၅။ အလုပ်အကိုင်

လူတိုင်းအလုပ် ဝင်၊လုပ်ပိုင်ခွင့်ရှိသည်။ ဖင်လန်တွင် မသန်မစွမ်းများ လုပ်ငန်းခွင် ဝင်ကြသည်။ အလုပ်ရှင်များ မသန်မစွမ်းများကို လုပ်ငန်းခွင်တွင် သီးသန့် စီစဉ် လုပ်ရလျှင် လစာပေးမှုအတွက် လျော်ကြေးများရနိုင်သည်။

၁၅.၁ အလုပ်သမားရုံးဝန်ဆောင်မှု

အလုပ်လျှောက်မှုနှင့် ပတ်သက်၍ အလုပ်သမားရုံးက ကူညီပေးသည်။ အလုပ်သမားရုံးအကြံပေးနှင့် အလုပ်ရွေးချယ်မှုတတ်ကျွမ်းသူက သင်နှင့် ကိုက်ညီသော အလုပ်နှင့် ကျောင်းရှာနိုင်ရန် ကူညီပေးသည်။

အလုပ်သမားရုံးတွင် မသန်မစွမ်းများနှင့် ဖျားနာသောသူများကို အလုပ်နှင့် ကျောင်းရှာနိုင်ရန် အကြံပေးသူများ ရှိသည်။ အကယ်၍ လုပ်ငန်းခွင်ဝင်နိုင်ရန် သီးသန့် အသုံးအဆောင်လိုအပ်လျှင် ထို အကြံပေးသူများနှင့် ဆွေးနွေးနိုင် သည်။

အလုပ်သမားရုံးက နိုင်ငံခြားသားများအတွက် ဖင်လန်စာသင်တန်းကျောင်း ကိုလည်း စီစဉ်ပေးသည်။

အလုပ်သမားရုံးက အလုပ်သမားပေါ်လစီကျောင်းကိုလည်း စီစဉ်ပေးသည်။ ထိုကျောင်းသည် အလုပ်လက်မဲ့ဖြစ်သူ အလုပ်လိုအပ်သူများအတွက်ဖြစ်သည်။ ထိုကျောင်းသို့ မသန်မစွမ်းများ နှင့် ဖျားနာသောသူများလည်း လျှောက်တင် နိုင်သည်။

အလုပ်သမားရုံးဝန်ဆောင်မှုသည် အခမဲ့ဖြစ်သည်။ ထို့အပြင် မသန်မစွမ်းများ အဖွဲ့အစည်းသည်လည်း အလုပ်ရနိုင်ရန် ကူညီပေးသည်။

၁၅.၂ လုပ်ရှားမှုဆိုင်ရာလုပ်ဆောင်မှု

နေရပ်မြို့က အလုပ်လက်မဲ့အဖြစ်အချိန်ကြာနေပြီဖြ စ်သူများအတွက် လှုပ်ရှားမှု ဆိုင်ရာလုပ်ဆောင်မှုကို စီမံပေးသည်။ နေရပ်မြို့ဆိုရှယ်နှင့် အလုပ်သမားရုံးက သင်သည် မည်သည့်အလုပ်ကို လိုအပ်ကြောင်း သင်နှင့်အတူ ဆုံးဖြတ်ပေးသည်။

ထိုအစီအစဉ်သည် အများအားဖြင့် အသက် ၂၅ နှစ်အောက်များအတွက်ဖြစ်ပြီး လမှ နှစ်အထိကြာမြင့်သည်။ လုပ်ရှားမှုဆိုင်ရာလုပ်ဆောင်မှုသည် လစာအပြည့် မရသော်လည်း လုပ်ငန်းခွင်ဝင်နိုင်ရန် ထောက်ပံ့ပေးသောငွေထက် အနည်းငယ်ပိုသည်။ နေရပ်မြို့က ခရီးစရိတ်ကိုထောက်ပံ့ပေးသည်။

အလုပ်သမားရုံးနှင့် နေရပ်မြို့ ဆိုရှယ်ရုံးတွင် ပိုမိုသိရှိနိုင်သည်။

၁၅.၃ ထောက်ပံ့ပေးပြီးသော အလုပ်

မသန်မစွမ်းများနှင့် ကျန်းမာရေးမကောင်းသူတို့ သည် ထောက်ပံ့ပေးပြီးသော အလုပ်တွင် အလုပ်ဝင်နိုင်သည်။ ထောက်ပံ့ပေးပြီးသော အလုပ်နေရာများမှာ ပုံမှန်ဆိုင်နှင့် ရုံးများတွင်သာဖြစ်သည်။ အလုပ်အတွက် လုပ်အားခ ပေးသည်။ အလုပ်အကိုင်နှင့် အလုပ်ခွင်ရှာမှုကို အလုပ်နည်းပြက ကူညီပေးသည်။ အစပိုင်းတွင် အလုပ်နည်းပြက အလုပ်ခွင်တွင်အတူလာ၍ အလုပ်သမားက အလုပ်နှင့် ပတ်သက်၍ သေချာသိအောင် ကူညီလမ်းပြပေးသည်။

နေရပ်မြို့ မသန်မစွမ်းဝန်ဆောင်မှု၊ လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းနှင့် မသန်မစွမ်း အဖွဲ့အစည်းထံ မေးမြန်းနိုင်သည်။

၁၅.၄ အငြိမ်းစားယူကို ချန်ထားခြင်း

ကဲလာ၏ အလုပ်လုပ်နိုင်စွမ်းမရှိမှုပင်စင်အပြည့်ကို ချန်ထားနိုင်သည်။ ဆိုလို ရင်းမှာ ပင်စင်ရသူသည် အချိန်အတိုင်းအတာတစ်ခုတစ်ခုအတွင်း အလုပ်လုပ် နိုင်ပြီး ပင်စင်ကိုမထုတ်ယူသေးပေ။ အလုပ်ကို အနည်းဆုံး ၃လမှ ၂နှစ်အထိ အစမ်းလုပ်ကိုင်နိုင်သည်။ ထိုအချိန်တွင် ပင်စင်ကို မဆုံးရှုံးပေ။ လစာအပြင် ကဲလာထံမှ ၂ နှစ်စာ မသန်မစွမ်းလစာကိုပါ ရနိုင်သည်။ အလုပ်ခွင် ဝင်နိုင်ရန် အကြောင်းတစ်ခုခုကြောင့် မဖြစ်နိုင်တော့ပါက ပင်စင်စားဘဝသို့ ပြန်လည်နေ နိုင်သည်။

ကဲလာထံ ပိုမိုသိရှိနိုင်သည်။

## ၁၆။ မိသားစု

လူတိုင်း မိသားစုထူထောင်နိုင်သည်။ ဖင်လန်တွင် လူမှုအသိုင်းအဝန်းက မိသားစု များကို နည်းအမျိုးမျိုးဖြင့်ထောက်ပံ့အကြံပေးသည်။

၁၆.၁ ကလေးထိန်း

မိဘများအိမ်တွင် ကလေးကို ပြုစုနိုင်ပြီး ကလေးထိန်းနေရာကိုလည်း ရှာနိုင်သည်။

အိမ်တွင်ကလေးထိန်းခ ထောက်ပံ့ကြေး။ ကလေးသည် အသက် ၃နှစ်အောက် ဖြစ်နေလျှင် အိမ်တွင်ကလေးထိန်းခထောက်ပံ့ကြေးကို မိသားစုအား ပေးသည်။
ငွေပမာဏမှာ ကလေး၏အသက်နှင့် ညီကိုမောင်နှမ အရေအတွက်အပေါ် မူတည်သည်။ အိမ်တွင်ကလေးထိန်းခထောက်ပံ့ကြေးငွေကို အကယ်၍ ကလေး အတွက် ကလေးထိန်းနေရာရှိလျှင် မရပေ။

ဒေသမြို့ မူကြို။ ကျောင်းတက်ရန် ကလေးသည် အသက်မပြည့်လျှင် သူတို့ အတွက် ဒေသမြို့ မူကြိုကို စီစဉ်ပေးသည်။ ထိုကလေးမူကြိုနေရာသည် ဒေသမြို့ မူကြို (သို့) မိသားစုမူကြိုကျောင်းတွင် ဖြစ်နိုင်သည်။ ထိုကလေးမူကြိုနေရာကို ဒေသမြို့ မူကြို (သို့) ဆိုရှယ်ထံမှ လျှောက်တင်ရသည်။ ကလေးမူကြိုခကုန်ကျမှု မှာ မိသားစုဝင်ငွေအပေါ် မူတည်သည်။

၁၆.၂ အိမ်တွင်းဝင်ဆောင်မှု

သက်ကြီးရွယ်အို၊ မသန်မစွမ်းနှင့် နစ်လကြာစွာ ဖျားနာသောသူများအတွက် ဒေသတွင်း အိမ်ဝန်ဆောင်မှုကို ပေးသည်။ လုပ်ဆောင်ရမည့်အလုပ်မှာ ဥပမာ ဆေးကြောသန့်စင်မှု ဖြစ်သည်။

အိမ်တွင်းဝန်ဆောင်မှုကို နေရပ်ဆိုရှယ်ရုံးတွင် လျှောက်နိုင်သည်။

၁၆.၃ မိသာစုဝင်ကို စောင့်ရှောက်မှုထောက်ပံ့ကြေး

မိသာစုဝင်ကို စောင့်ရှောက်မှုထောက်ပံ့ကြေးကို အိမ်တွင်နေထိုင်သော မသန်မစွမ်းနှင့် ဖျားနာသူများကို ပြုစု လျှင် ရနိုင်သည်။ မသန်မစွမ်းနှင့် ဖျားနာသူများသည် ဝန်ဆောင်မှုပေးသည့်နေရာသို့ မသွားဘဲ မိမိနေအိမ်တွင် နေထိုင်နိုင်ရန် ဖြစ်သည်။

ထောက်ပံ့ကြေးမှာ မည်မျှ ပြုစုမှုလိုသည်အပေါ်တွင် မူတည်သည်။ အကယ်၍ တစ်နေ့ လုံးပြုစုရပါက

ထောက်ပံ့ကြေးမှာ ပိုများသည်။ ထိုထောက်ပံ့ကြေးသည် နေရာဒေသအလိုက် တူညီမှုမရှိပေ။

နေရပ်ဆိုရှယ်ရုံးတွင် မိသားစုဝင်ကို စောင့်ရှောက်မှုထောက်ပံ့ကြေးကို လျှောက် တင်နိုင်သည်။

၁၆.၄ အကြံပေးခြင်းနှင့် အကူအညီပေးခြင်း

အကြံပေးခြင်းနေရာများ။ ကလေးဆေးခန်းတွင် ကလေး၏ ဖွံ့ ဖြိုးမှုနှင့် ပတ်သက် သော အကူအညီကို ရသည်။ ကလေးဆေးခန်းတွင် ကလေး၏ဖွံ့ ဖြိုးမှုကို ပုံမှန် စောင့်ကြည့်ပြီး ကာကွယ်ဆေးထိုးခြင်းနှင့် မိဘများ၏ ပြုစုနိုင်စွမ်းအားနှင့် ပတ် သက်၍ အားပေးသည်။

မိသားစုအကြံပေးခြင်းသို့ လင်မယားကွာရှင်းကိစ္စ၊ ပညာသင်ခက်ခဲမှုကိစ္စနှင့် မိသားစုအခြေအနေနှင့် ပတ်သက်လျှင် ဆက်သွယ်နိုင်သည်။ မိသားစုအကြံပေး ခြင်းတွင် ကလေး၏ကြောက်ရွံ့ မှု၊ ဆိုးရိမ်မှုနှင့် ဖွံ့ ဖြိုးမှုကို ဆွေးနွေးနိုင်သည်။

နေရပ်ဆိုရှယ်ရုံးတွင် ပိုမိုနိုင်သည်။

စုံတွဲနှင့် မိသားစုကိစ္စတတ်ကျွမ်းသူ။ စုံတွဲများအခက်အခဲ တွေ့လျှင် အကူအညီ ကို စုံတွဲနှင့် မိသားစုကိစ္စတတ်ကျွမ်းသူထံ ရယူနိုင်သည်။ မိသားစုကိစ္စတတ်ကျွမ်း သူသည် အခက်အခဲများဖြစ်သည့် အကြမ်းဖက်မှု၊ စိတ်ကျန်းမာရေးနှင့် မူးယစ် ဆေးဝါးပြဿနာကို ထိုသူများနှင့် အတူ ဝိုင်းဝန်းအဖြေရှာပေးသည်။ အကယ်၍ မိသားစုဝင်ထဲမှ တစ်စုံတစ်ယောက် နာမကျန်းဖြစ်ခြင်းနှင့် သေဆုံးလျှင်လည်း ကူညီမှု ပေးသည်။

စုံတွဲနှင့် မိသားစုကိစ္စတတ်ကျွမ်းသူထံ ဝန်ဆောင်မှုယူလျှင် အခမဲ့ဖြစ်သည်။
နေရပ်ဆိုရှယ်ဝန်ထမ်းထံတွင် ပိုမိုနိုင်သည်။

လိင်ဆက်ဆံမှုနှင့် ပါတ်သက်သော အကြံပေး။ လိင်ဆက်ဆံမှုနှင့် ပတ်သက်သော အကြံပေးသူထံတွင် လိင်ဆက်ဆံမှုနှင့် ပတ်သက်သောကိစ္စကို မေးမြန်းနိုင်သည်။ ထိုနေရာတွင် ဥပမာ မသန်မစွမ်းဖြစ်မှုနှင့် ဖျားနာမှုကြောင့် ဖြစ်ပေါ်သောလိင် ဆက်ဆံမှုအခက်အခဲပြဿနာများ၊ ခံစားမှုများနှင့် လူမှုဆက်ဆံရေးအကြောင်း ကို ဆွေးနွေးနိုင်သည်။

လိင်ဆက်ဆံမှုနှင့် ပတ်သက်သော အကြံပေးသူဝန်ဆောင်မှုကို ဆေးခန်းနှင့် ကာယလှုပ်ရှားမှုဌာနတွင် ရရှိနိုင်သည်။ ၂အပြင် Sexpo နှင့် လူဦးရေဌာန တွင်လည်း ဖုန်းဝန်ဆောင်မှုကို ရနိုင်သည်။

## ၁၇။ အားလပ်ချိန်

အားလပ်ချိန်အားကစားနှင့် ဝါသနာများအတွက် အကယ်၍ မသန်မစွမ်းမှု သို့ ဖျားနာသူမှုကြောင့် ပုံမှန်ဝန်ဆောင်မှု နှင့် အသုံးမှုတွင် အခက်တွေ့ ပါက မဖြစ်နိုင်ပါက ထောက်ပံ့ပေးသည်။

အားကစားဝါသနာ။ နေရပ်မြို့ မှ ဖျားနာသူနှင့် မသန်မစွမ်းသူများအတွက် အား ကစားအမျိုးမျိုးကို စီစဉ်ပေးသည်။ အထူးအဖွဲ့ တွင်ပါဝင်သူများသည် ဥပမာ နေရပ်မြို့ ရေကူးကန်သို့ သွားပါက ရေကူးခလျှော့ဈေးရသည်။

အားကစားအမျိုးမျိုးအကြောင်း သိလိုလျှင် နေရပ်မြို့ အားကစားဝန်ဆောင်မှု၊ အားကစားအသင်းအဖွဲ့ များနှင့် မသန်မစွမ်းအသင်းအဖွဲ့ များထံတွင် မေးမြန်း နိုင်သည်။

အားကစားပစ္စည်း။ ဖျားနာသူနှင့် မသန်မစွမ်းသူများသည် အားလပ်ချိန်တွင် လုပ်သော အားကစားအမျိုးမျိုးလုပ်ခြင်းကြောင့် လိုအပ်သည့် အားကစား ပစ္စည်းများအတွက် ထောက်ပံ့မှုကို ရနိုင်သည်။ အားကစားပစ္စည်းကို နေရပ်မြို့ ဆိုရှယ်ရုံးတွင် လျှောက်ထားနိုင်သည်။

ယဉ်ကျေးမှုနှင့်ဆိုင်သောဝန်ဆောင်မှုများ။ ယဉ်ကျေးမှုဆိုသည်မှာ ပြဇာတ်၊ ပန်းချီပြပွဲနှင့် ရုပ်ရှင်တို့ ကို ဆိုလိုသည်။

ပင်စင်စားသူများသည် လက်မှတ်အခအတွက် လျှော့ဈေးကို ရနိုင်သည်။ အကယ်၍ ထိုသူသည် အကူတစ်စုံတစ်ယောက်ကို လိုအပ်လျှင် ထိုသူသည် အချို့နေရာတွင် အခမဲ့ကြည့်နိုင်သည်။ ရုပ်ရှင်ရုံနှင့် ပြဇာတ်ရုံများတွင် တွန်းလှည်းထားသည့် နေရာရှိသည်။

လုပ်ရှားမှုမသန်မစွမ်းဖြစ်သူသည် သွားမည့်နေရာတွင် တွန်းလှည်းယူလာနိုင် မနိုင်ကို အရင်ဆုံးမေးမြန်းသင့်သည်။

အားလပ်ရက်။ အများအားဖြင့်သော ပင်စင်စားသူများနှင့် မသန်မစွမ်းဖြစ်သူ များအသင်းသည် အသင်းဝင်များအတွက် အားလပ်ရက်ခရီးစဉ်နှင့် ကာယ လှုပ်ရှားမှုများကို စီမံပေးသည်။ ထိုအတွက် အများအားဖြင့် မသန်မစွမ် ဖြစ်သူသည် မိမိကိုယ်တိုင် ကုန်ကျစရိတ်တစ်ပိုင်း ပေးရသည်။

## ၁၈။ ဆက်သွယ်ရန်လိပ်စာများ

အောက်ဖော်ပြပါ ဆက်သွယ်ရန် လိပ်စာများမှာ အသင်းအဖွဲ့များ၊
ဌာနများနှင့် အခြားသောလိပ်စာများနှင့် သက်ဆိုင်သည်။
နေထိုင်ရာ
ဌာနများလိပ်စာကိုမှ အထွေထွေအသင်းချုပ်ထံရရှိနိုင်သည်။

ဦးနှောက်ဆိုင်ရာအသင်း RY
Suvilinnantie ၂
၂၀ ၉၀၀ TURKU
ဖုန်း ၀၂ ၂၁၃၈ ၂၀၀
www.aivoliitto.fi

ဦးနှောက်မသန်မစွမ်းဆိုင်ရာအသင်း RY
Nordenskiöldinkatu 18 A
၀၀၂၅၀ Helsinki
ဖုန်း ၀၉ ၈၃၆၆ ၅၈၀
www.aivovammaliitto.fi

အော်တစ်ဇင်ရွေ့နားနှင့် ဗုဏ္ဏဿ အသင်း RY
Kaupintie 16 B
၀၀၄၄၀ HELSINKI
ဖုန်း ၀၉ ၇၇၄၂ ၇၇၀
www.autismiliitto.fi

ဝက်ရူးပျံအသင်း
Malmin kauppatie ၂၆
၀၀၇၀၀ Helsinki
ဖုန်း ၀၉ ၃၅၀ ၈၂၃၀
www.epilepsia.fi

ဖင်လန်ယဉ်ကျေးမှုပေါင်းစုံအားကစားအသင်း
FIMU RY
Kivensilmänkuja ၂၊ ၃. ထပ်
၀၀၀၉၂၀ Helsinki
ဖုန်း ၀၅၀ ၅၅၁၁ ၁၉၇
www.fimu.org

လူ့အခွင့်အရေးအသင်း
Döbelninkatu ၂၊ ၈. ထပ်
၀၀၂၆၀ HELSINKI
ဖုန်း ၀၉ ၄၁၅၅ ၂၅၀၀
www.ihmisoikeusliitto.fi

အချက်အလက်ဘဏ်
Helsinki ယဉ်ကျေးမှုဌာန
PL ၄၇၉၅
၀၀၀၉၉ Helsinki မြို့
www.infopankki.fi

INKERIအသင်း RY
Hämeentie ၁၀၃ A
၀၀၅၅၀ HELSINKI
ဖုန်း ၀၉ ၇၅၃၄ ၄၆၄
www.inkerikeskus.fi

မသန်မစွမ်းအသင်း RY
Ilkantie 4
00280 HELSINKI
ဖုန်း 09 613 191
www.invalidiliitto.fi

ဖွံ့ဖြိုးမှုနည်းသူအသင်း RY
Viljatie ၄ A
၀၀၇၀၀ HELSINKI
ဖုန်း ၀၉ ၃၄၈ ၀၉၀
www.kehitysvammaliitto.fi

ဖွံ့ဖြိုးမှုနည်းသူအားပေးအသင်း RY
Pinninkatu ၅၁
၃၃၁၀၀ Tampere
ဖုန်း ၀၃ ၂၄၀၃ ၁၁၁
www.kvtl.fi

ဖွံ့ဖြိုးမှုနည်းသူအားပေးခြင်း ၅၇ RY
Bulevardi ၃၄ a A ၄
၀၀၁၂၀ HELSINKI
ဖုန်း ၀၄၀၀ ၃၄၅ ၃၆၉
www.kvtuki57.fi

အကြားအာရုံဆိုင်ရာအသင်း RY
Ilkantie ၄
၀၀၄၀၀ HELSINKI
ဖုန်း ၀၉ ၅၈၀၃ ၈၃၀
www.kuuloliitto.fi

အကြားဆိုင်ရာအသင်း RY
Ilkantie ၄
၀၀၄၀၀ HELSINKI
စာဖုန်း ၀၉ ၅၈၀ ၃၁။တစ်ဆင့်ပို့ပေးခြင်း
www.kl-deaf.fi

KYNNYS RY
Siltasaarenkatu ၄ယ ၅ ထပ်
၀၀၅၃၀ HELSINKI
ဖုန်း ၀၉ ၆၈၅၀ ၁၁၀
www.kynnys.fi

ကြွက်သားရောဂါအသင်း RY
Läntinen Pitkäkatu ၃၅
၂၀၁၀၀ TURKU
ဖုန်း ၀၂ ၂၇၃ ၉၇၀၀
www.lihastautiliitto.fi

စိတ်ကျန်းမာရေးပိုင်းဆိုင်ရာအသင်း
Ratakatu ၉
၀၀၁၂၀ HELSINKI
ဖုန်း ၀၉ ၅၆၇၇ ၇၃၀
www.mtkl.fi

MONIHELI/MONIMOS
Työpajankatu ၂ယ ၂ ထပ်
၀၀၅၈၀ Helsinki
www.moniheli.fi

မှတ်ဉာဏ်ပိုင်းတိုင်ရာအသင်း RY
Luotsikatu ၄ E
၀၀၁၆၀ HELSINKI
ဖုန်း ၀၉ ၆၂၂၆ ၂၀၀
www.muistiliitto.fi

အမြင်အာရုံဆိုင်ရာအသင်း
လာရန် လိပ်စာ Marjaniementie ၇၄ (Itäkeskus),
၀၀၉၃၀ Helsinki
ဖုန်း ၀၉ ၃၉၆ ၀၄၁
www.nkl.fi

ဎ က္ခသည်ကြံပေးအသင်း RY
Kaisaniemenkatu ၄ Aယ ၆ ထပ်
Viljatie ၄ A
၀၀၇၀၀ Helsinki
ဖုန်း ၀၉ ၃၄၈၀ ၉၂၄၀
www.selkokeskus.fi

ဖင်လန် CP–အသင်း RY
Malmin kauppatie 26
၀၀၇၀၀ HELSINKI
ဖုန်း ၀၉ ၅၄၀၇ ၅၄၀
www.cp-liitto.fi

ဖင်လန်အားကစားနှင့်ကာယအသင်း VAU RY
Radiokatu ၂၀ယ ၅ ထပ်
၀၀၂၄၀ Helsinki
ဖုန်း ၀၉ ၄၂၅၇ ၉၈၂၄
www.vammaisurheilu.fi

ဖင်ဆန်မျက်မမြင်အသင်း RY
လာရန် လိပ်စာ Marjaniementie ၇၄ယ Itäkeskus
၀၀၉၃၀ Helsinki
ဖုန်း ၀၄၀ ၇၇၈၀ ၂၉၉
www.kuurosokeat.fi

ဖင်လန်နိုင်ငံ MS-အသင်း RY
Keskustoimisto
Vaihemäentie ၁၀
၂၁၂၅၀ Masku
ဖုန်း ၀၂ ၄၃၉၂ ၁၁၁
www.ms-liitto.fi

ဖင်လန်နိုင်ငံဒုက္ခသည်ကူညီမှုအသင်း
Kaikukatu ၃
၀၀၅၂၀ HELSINKI
ဖုန်း ၀၉ ၆၈၆ ၀၉၉၀
www.pakolaisapu.fi

SUOMEN ပိုလီယိုရောဂါအသင်း LIITTO RY
Kumpulantie ၁ A, ၆ ထပ်
၀၀၅၂၀ HELSINKI
ဖုန်း ၀၉ ၆၈၆ ၀၉၉၀
www.polioliitto.com

ဖင်လန်ကြက်ခြေနီအသင်းယ SPR
ဗဟိုရုံး
Tehtaankatu ၁ a
၀၀၁၄၀ HELSINKI
ဖုန်း ၀၂၀ ၇၀၁၂ ၀၀၀
www.redcross.fi

ဖင်လန်နိုင်ငံ အဆစ်ရောင်ကိုက်ရောဂါအသင်း RY
Iso Roobertinkatu ၂၀–၂၂ A
၀၀၁၂၀ HELSINKI
ဖုန်း ၀၉ ၄၇၆ ၁၅၅
www.reumaliitto.fi

ဖင်လန်နိုင်ငံမသန်မစွမ်းကလေးကူညီမှု RY
Eteläinen Hesperiankatu ၂၈ C
၀၀၁၀၀ HELSINKI
ဖုန်း ၀၉ ၄၄၆ ၆၆၃

မသန်မစွမ်းကလေးလူငယ်ကူညီမှုအသင်း
Mikonkatu ၈ A, ၉ kerros
၀၀၁၀၀ HELSINKI
ဖုန်း ၀၉ ၆၈၂၉ ၅၃၀
www.vamlas.fi

သက်ကြီးဗဟိုအသင်း RY
Malmin kauppatie ၂၆
၀၀၇၀၀ HELSINKI
ဖုန်း ၀၉ ၃၅၀ ၈၆၀၀
www.vanhustyonkeskusliitto.fi

သန်းခေါင်စရင်းအသင်း
Kalevankatu ၁၆
၀၀၁၀၀ HELSINKI
ဖုန်း ၀၉ ၂၂၈ ၀၅၀
www.vaestoliitto.fi

လူနည်းစုအတွက်တာဝန်ယူသည့်ရုံး
လာရန် လိပ်စာ Mikonkatu ၂၅ယ Helsinki
ဖုန်း ၀၇၁ ၈၇၈ ၈၆၆၆
www.vahemmistovaltuutettu.fi

## ၁၉။ အညွှန်းကိုးကားခြင်းများ

အသက်မွေးဝမ်းကြောင်းပညာရပ်
www.ammatillinenerityisopetus.fi

ညူနထယ အစိုးရဥပဒေဘဏ်
www.finlex.fi

အချက်အလက်ဘဏ်
www.infopankki.fi

မသန်မစွမ်းအသင်း၏ အင်တာနက်စာမျက်နှာ
www.invalidiliitto.fi

ကဲလာ၏ အင်တာနက်စာမျက်နှာ
www.kela.fi

ယဉ်လုံခြုံမှုဌာန၏ အင်တာနက်စာမျက်နှာ
www.ake.fi

ခရီးသွားစာမျက်နှာ
www.matkahuolto.fi

မျက်မမြင်အသင်း၏ အင်တာနက်စာမျက်နှာ
www.nkl.fi

လမ်းပြခွေး၏ အင်တာနက်စာမျက်နှာ
www.opaskoirakoulu.fi

လူမှုကျန်းမာရေးဝန်ကြီး၏ အင်တာနက်စာမျက်နှာ
www.stm.fi

အလုပ်သမားရုံး၏ အင်တာနက်စာမျက်နှာ
www.mol.fi

ဋ္ဌရူလငမညေ၏ အင်တာနက်စာမျက်နှာ
www.valvira.fi

ဋ္ဌနမညနမင–အင်တာနက်ဝန်ဆောင်မှု
www.verneri.net

ဋ္ဌါည၏ အင်တာနက်စာမျက်နှာ
www.vr.fi

Hilma
vammaisten maahanmuuttajien tukikeskus

VAMMAISFOORUMI
Vammaisjärjestöjen yhteinen ääni

RAY TUKEE
ray
RAY STÖDER